


စိတ်ကူးချိုချိုအနုပညာ


# ဖိုးကျော့

## အောင်ပွဲသို့ချီရာဝယ်

(အမျိုးသားစာပေဆုရ)

တတိယအကြိမ်

mgyoe.com



mgyoe.com

mgyoe.com

အောင်ပွဲသို့ချီရာဝယ်၊ ဖိုးကျော့
မျက်နှာဖုံးပန်းချီ-သန့်ဇော်သစ်၊ စာမျက်နှာ ၂၆၈ မျက်နှာ၊ ၁၂ ·၈စင်တီ × ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ ၂၀၀၀ပြည့်နှစ် လွင်သစ္စာစာပေ၏ဒုတိယအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အောင်ပွဲသို့ချီရာဝယ်

## ဖိုးကျော့

စတုတ္ထအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အောင်ပွဲသို့ချီရာဝယ် ၁

၂။ မေတ္တာခိုင်မြဲစေ ၈၁

၃။ ဆင်မာန်နှင့်ငှက်ညဏ် ၁၄၉

၄။ ပြေးလွှားရွေ့လျားနေသော ရတနာသိုက် ၂၀၇


mgyoe.com

mgyoe.com

အောင်ပွဲတို့မည်သည် အန္တရာယ်ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကို ကျော်လွှန်ရ၏။ သက်စွန့်ဆံဖျား စွန့်စားရ၏။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာလည်း ကောင်း၏။ သည်းလှိုက်ရင်ဖိုလည်းဖြစ်ရ၏။ သို့မှသာ အောင်ပွဲကို ရ၏။ အောင်ပွဲရရန်အတွက် စွန့်စားလုပ်ကိုင်ရသည်မှာ စင်စစ်သော် လွယ်ကူသောအလုပ်တော့ မဟုတ်ပါချေ။

mgyoe.com

mgyoe.com

# အောင်ပွဲသို့ချီရာဝယ်

## (၁)

လက်ဖွဲ့ကျော်တစ်ယောက်၏ ဘယ်ဝိုက်၊ ညာဝိုက် လက်သီးထက်ပင် လျင်မြန်ဖျတ်လတ်လွန်းလှသော 'မိပို' ၏နှာမောင်းလွဲခတ်မှုအရှိန်ကိုကြည့်၍ ကျွန်တော် စိတ်မောနေမိ၏။ အလွန်လိမ္မာယဉ်ပါးလှသည်ဟုဆိုသော ဆင်မယဉ်သာတစ်ကောင်၏ကိုယ်ပေါ်သို့ ပုခက်တင်ရန်ပင် ဤမျှခက်နေပါက ယခုဆိုလျှင် ဘယ်တော၊ ဘယ်တောင်၊ ဘယ်နေရာဒေသ၌ပင် ရှိနေကြလိမ့်မည်ဟု အတိအကျမသိရသေးသော တောဆင်ရိုင်းများကို ကျုံးသွင်းထောင်ဖမ်းရန်ဆိုသောအလုပ်မှာ စိတ်ကူးယဉ်အိပ်မက်မက်နေကြခြင်းနှင့်ပင် တူနေကြလေပြီလားဟုတွေး၍ ကျွန်တော် ပထမဦးဆုံးစိတ်ပျက်မိခြင်း ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးလေး တင်အောင်တို့နှင့် ရခိုင်ရိုးမထဲသို့ ဆင်ဖမ်းလိုက်သွားပါရစေဟု ကျွန်တော်က ပြောသောအခါ . . .

"မဖြစ်ပါဘူးတင်အောင်ရာ . . . ဒီခါးလက်မလောက်နဲ့ မိန်းမလျာလိုကောင်ကို ဆင်ဖမ်းရာမှာ မင်းကဘယ်လိုအသုံးချမလဲကွ ဒီကောင်

mgyoe.com

mgyoe.com


က ဘယ်လူပြောပြော ခဏတော့ဒီလိုပဲ၊ ဟိုစပ်စပ် ဒီစပ်စပ် လုပ်တတ်တယ်။ ငါ့သားအကြောင်း ငါသိတာပေါ့။ ရခိုင်ရိုးမထဲရောက်ပြီး တစ်ရက်ကြာရင် ဒီကောင်စိတ်ပျက်ပြီး ပြန်ပြေးလာလို့ ငါအစုထည့်ထားတဲ့ငွေပါ ဆုံးနေဦးမယ်ကွ"ဟု အဖေက ဦးလေးတင်အောင်ကို ပြောသည်။

"ဟော့ကောင် . . . ဖြစ်ပါ့မလား၊ ရိုးမထဲရောက်ပြီးမှ မင်းစိတ်ပျက်လို့ ပြန်ပြေးလာရင်တော့ အစုထည့်ထားတဲ့ငွေတွေဟာ တစ်ပြားမှ ပြန်ရမှာမဟုတ်ဘူးနော်၊ မင်းစဉ်းစားပြီးမှပြော"

ဦးလေးတင်အောင်က အဖေ့ရှေ့၌ပင် ကျွန်တော့်ကို သေချာအောင် စစ်မေး၏။

"စိတ်ချပါဦးလေးရာ . . . ကျွန်တော့်စိတ်ကို ကျွန်တော် နိုင်ပါတယ်"

ကျွန်တော်က တည်တည်ကြည်ကြည် ပြောသောအခါ ဦးလေးတင်အောင်က 'ဘယ့်နှယ်လဲ' ဟူသောသဘောဖြင့် အဖေ့မျက်နှာကို လှမ်းကြည့်သည်။

တောဆင်ရိုင်းများကို ကျုံးသွင်း၍ဖမ်းယူရန်ဆိုသောအလုပ်မှာ စင်စစ်သော် အသက်ဘေးနှင့် အလွန်နီးကပ်သော အလုပ်ဖြစ်သည်။ ထို့ကြောင့် ဆင်ဖမ်းသမားတို့မည်သည် အားခွန်ဗလပြည့်စုံရ၏။ ရဲရင့်ဖျတ်လတ်ရ၏။ တောဆင်ရိုင်းများ၏အထာကို သိတတ်ရ၏။ ဆင်းရဲဒုက္ခခံနိုင်ရည်ရှိရ၏။ ဖွဲ့ လုံ့လ ဝီရိယရှိရ၏။ တောထဲတောင်ထဲတွင် အတွေ့အကြုံကလည်း ရင့်သန်ရ၏။ ပြီးတော့ များသောအားဖြင့် ဆင်ဖမ်းသမားများမှာ အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်နှင့် လေးဆယ်နီးပါး အရွယ်ကောင်းများသာ ဖြစ်ကြလေသည်။

ကျွန်တော့်မှာကား ယခုမှ အသက်ဆယ့်ရှစ်နှစ်ကျော်သာ ရှိသေးသဖြင့် အင်္ဂလိပ်ခေတ်တုန်းကဆိုလျှင် အသက်နှစ်ဆယ်မပြည့်သူကို

mgyoe.com

mgyoe.com


ဆင်ဖမ်းသောအဖွဲ့တွင် ပါဝင်ခွင့်မရှိစေရဟုပင် ဆိုလေသည်။ ထို့ကြောင့်လည်း ဦးလေးတင်အောင်က အဖေ၏ခွင့်ပြုချက်နှင့် ကျွန်တော်၏စိတ်နိုင်၊ မနိုင်ကို အဖေ့ရှေ့၌ မေးခြင်းဖြစ်လေသည်။

ရိုးမထဲ၌ တောဆင်ရိုင်းများကိုကျုံးသွင်း၍ ဖမ်းရသောအလုပ်မှာ လူပင်ပန်းရုံတွင်မက ငွေကုန်ကြေးကျလည်း အလွန်များသော အလုပ်ဖြစ်၏။ ထို့ကြောင့် ငွေကြေးချမ်းသာသူများက ငွေစိုက်ထုတ်ပေး၍ ငွေရှင်ကြေးရှင်တို့နှင့်ပေါင်း၍ လုပ်ရသောအလုပ်ဖြစ်သည်။ ငွေစိုက်ထုတ်ပေးရသော ငွေရှင်ကြေးရှင်တို့မှာ ထိုနှစ်အတွင်း ဆင်ဖမ်း၍မမိလျှင် ငွေကြေးဆုံးရှုံးကြရမည်ဖြစ်သလို ဆင်ဖမ်းသမားများမှာလည်း ပင်ပန်းဆင်းရဲခြင်းသာ အမြတ်ရကြပေမည်။

ဒင်းပြင် ဆင်ဖမ်းသူများသည် ရိုးမထဲ၌ ဆင်နင်း၍သေလေမည်လား၊ ကျားကုတ်၍သေလေမည်လား၊ ငှက်ဖျားမိ၍သေလေမည်လားနှင့် အိမ်၌ကျန်ရှိရစ်ကြသော သားမယား မိဘဆွေမျိုးလုပ်သူတွေမှာ ဆင်ဖမ်းသမားများ ရိုးမထဲ၌ တောဆင်ရိုင်းများကို ဖမ်းမိထားပြီဆိုသော သတင်းကို မကြားရမချင်း စိတ်တထင့်ထင့်နှင့် သုံးလေးလ ရင်မောနေကြရသော အလုပ်ဖြစ်လေသည်။ ထို့ကြောင့်လည်း ယခုအခါတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ နမ္မတီး စသည့်အရပ်တို့မှ ဆင်ဖမ်းသမားများသည် ငွေကုန်ကြေးကျများသလို အသက်ဘေးနှင့်လည်းနီး၍ လူများများနှင့်ဆင်ရိုင်းများကို ကျုံးသွင်းဖမ်းရသော ဆင်ဖမ်းအလုပ်ကို မလုပ်ကြတော့ဘဲ ငွေကုန်ကြေးကျနည်းသော၊ လူများများလည်းမလိုသော ဆင်မယဉ်သာတစ်ကောင်နှင့် တည်ဖ ်းသော ဆင်ဖမ်းအလုပ်ကို လုပ်နေကြလေပြီဖြစ်သည်။

ဆင်မယဉ်သာတစ်ကောင်နှင့် တောဆင်ရိုင်းများကို တစ်ကောင်ချင်းတည်၍ဖမ်းသောနည်းမှာ ကျွမ်းကျင်လိမ္မာသော ဆင်ဦးစီးတစ်ယောက်၊

mgyoe.com

mgyoe.com


ပုံချိတ်တစ်ယောက်၊ ဆင်မယဉ်သာတစ်ကောင်၊ မတော်တဆအန္တရာယ် ဖြစ်လျှင်ကူရန် စွယ်ပြောင်တစ်ကောင်နှင့် ဦးစီးတစ်ယောက်၊ ပီလော လျှော်ကြိုး အပင် ၂၀ လောက်ဆိုလျှင် ဆင်ဖမ်းဖြစ်သည်။ ထိုနည်းမှာ ဆင်များကို အုပ်လိုက်ကျုံးသွင်း၍ ဖမ်းသောနည်းမဟုတ်ဘဲ တစ်ကောင် ချင်း ကြိုးကွင်းထောင် တည်ဖမ်းသောနည်းဖြစ်သဖြင့် အန္တရာယ်သိပ် မများလှပေ။ ကျုံးသွင်း၍အုပ်လိုက်ဖမ်းသော ဆင်ဖမ်းနည်းလိုလည်း အကြီး အငယ်၊ အထီး အမတို့ကို မျိုးစုံအောင်မရဘဲ ဆင်ပေါက် တစ်ကောင်ကိုသာ ရလေသည်။ ထိုနည်းသည် ယခု ၁၀ နှစ်အတွင်းမှာ သာ ပေါ်ပေါက်လာသောနည်းမို့ ရခိုင်ပြည်နယ်ရှိ ကျွန်တော်တို့ဆင်ဖမ်း သမားများသည် ထိုစဉ်က ငွေကုန်ကြေးကျအလွန်များသလို လူများများ နှင့် ပင်ပန်းဆင်းရဲခံရသော ရှေ့ပဝေသဏီက ဆင်ဖမ်းနည်းအတိုင်းသာ သမားရိုးကျ တောဆင်ရိုင်းများကို ကျုံးသွင်းဖမ်းထောင်ခဲ့ကြရလေသည်။

အဖေက လူကောင်သေးသလို အသက်အရွယ်ကလည်း ငယ်သေး၍ တောတောင်သဘာဝနှင့် တောဆင်ရိုင်းများ၏အထာကိုလည်း လုံးဝ မသိသေးသော ကျွန်တော့်အား ရခိုင်ရိုးမထဲသို့ ဝါရင့်ဆင်ဖမ်းသမား တွေနှင့်ဆင်ဖမ်းလိုက်မသွားပါရန် တားသေးသည်။ ကျွန်တော့်ကိုတား ၍မရသောအခါ ခွင့်ပြုလိုက်၏။ ညီအရင်းဖြစ်သူ ဦးလေးတင်အောင်ကို လည်း အစစအရာရာစောင့်ရှောက်ရန် မှာလိုက်သေး၏။ အဖေမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သဖြင့် ဆင်ဖမ်းသောအလုပ်ကို မလုပ် တော့ပေ။

အဖေ၏ခွင့်ပြုချက်နှင့် ဝါသနာအလျောက် ကျွန်တော်သည် ဦးလေးတင်အောင်တို့နှင့် ရခိုင်ရိုးမထဲသို့ တောဆင်ရိုင်းများကို ကျုံးသွင်း ထောင်ဖမ်းရန် လိုက်လာခဲ့လေသည်။

ဆင်မ 'မိပို' ကို ပုခက်တင်နိုင်ရန် လူသုံးလေးယောက်က ဝိုင်း

mgyoe.com

mgyoe.com


ဝန်း၍ ကြိုးစားနေကြသည်။ ဤဆင်မမှာ မဲ့ရွာက ကိုအထော်၏ဆင်မ ဖြစ်သည်။ ကိုအထော်နှင့် ကျွန်တော်တို့ဆင်ဖမ်းအဖွဲ့တွင် ဦးစီးခေါင်းဆောင်ဖြစ်သူ ဦးဘခင်၊ လက်ထောက်များဖြစ်ကြသော ဦးလေးတင်အောင်၊ ချင်းအမျိုးသားကြီး နီကို၊ ရွှေကျော် စသည့် လူသုံးလေးယောက်က မိပိုကို ပုခက်တင်ရန် ကြိုးစားနေကြသည်။ နံသိုင်းကြိုး၊ ရင်တားကြိုး၊ ရော်ထူပြား စသည်တို့ကို ရစ်သိုင်းခင်းကျင်းထားနိုင်ပြီး ဖြစ်သော်လည်း ပုခက်စင်သစ် ခေါက်တင်ရန်လုပ်တိုင်း မိပိုသည် သူမ၏သွယ်ပြောင်းသောနှာမောင်းနှင့် တဖြောင်းဖြောင်းပုတ်ခတ်ချ၍ လူအကပ်မခံဖြစ်နေသည်။

မိပို၏နှာမောင်းလှုပ်ခတ်မှုအရှိန်သည် လက်ဝှေ့ကျော်တစ်ယောက်၏ ဘယ်ဝိုက် ညာဝိုက် လက်သီးချက်ထက်ပင် လျင်မြန်ဖျတ်လတ်လွန်းလှသည်ဟု ကျွန်တော့်စိတ်ထဲက ထင်နေမိသည်။ ထို့ကြောင့်လည်း ဤဆင်မနှင့် ဤလူတွေကိုကြည့်၍ ကျွန်တော်က စိတ်မောနေမိခြင်းဖြစ်သည်။ ပို၍အကျပ်အတည်းတွေ့ရသည်မှာ ပုခက်တင်ရန် ပုခက်စင်မရှိသဖြင့်ဖြစ်သည်။ အမှန်မှာ ဆင်တစ်ကောင်ကို ပုခက်တင်ရန်ဆိုသည်မှာ ပုခက်စင်အသင့်ရှိရမည်။ ယခုဤနေရာမှာ ယာယီစခန်းဖြစ်သဖြင့် ပုခက်စင်မရှိပေ။ ထို့ကြောင့်လည်း မိပိုကို ပုခက်တင်ရန်အတွက် ဤမျှအခက်အခဲတွေ့နေကြခြင်းဖြစ်သည်။

"ဒီကောင်မ ဒီနေ့ ဘယ်ကြိုဟ်ထောင်နေလဲမသိဘူး။ ခါတိုင်း လည်း သူနဲ့ပဲလုပ်နေကျဥစ္စာ၊ ဦးဘခင်လည်း မြင်သားပဲ"

မိပို၏အရှင်သခင်ဖြစ်သူ ကိုအထော်က ဦးဘခင်ကိုပြောသည်။

ကိုအထော်ပြောသည်မှာ အမှန်ပင်ဖြစ်၏။ ဦးဘခင်နှင့်တကွ ဆင်ဖမ်းသမားတွေမှာ ဆင်ဖမ်းရန်ကျုံးကို မိုးတွင်းကပင် အကြမ်းဖျင်းတည်ဆောက်ထားကြပြီးဖြစ်လေရာ ဆင်ကျုံးတည်ဆောက်ရာတွင်

mgyoe.com

mgyoe.com

တံခါးတိုင်ထူခြင်း၊ ဘေးနှစ်ဖက်မှ ခိုင်ခံ့သောသစ်လုံးကြီးများစိုက်ခြင်းတို့မှာ ဤဆင်မအကူအညီနှင့်ပင် ပြုလုပ်လာခဲ့ကြသည်ဟု ဆိုသည်။ မိုးတွင်းကပင် ဤဆင်မနှင့် ရိုးမထဲသို့သွား၍ ဆင်ကျုံးတည်ဆောက်နေကြသည်မှာ အခေါက်အခါပေါင်း မရေမတွက်နိုင်ပြီဖြစ်သည်။

ယနေ့ရိုးမထဲသို့ သွားကြမည်မှာလည်း ကျွန်တော်တို့သည် တောဆင်ရိုင်းများကို ရိုးမထဲ၌ကျုံးသွင်း၍ မဖမ်းမိသမျှကာလပတ်လုံး ရိုးမထဲ၌ ညအိပ်ညနေ စခန်းချနေကြရန်ဖြစ်သည်။ ထို့ကြောင့်လည်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ ငါးပိ၊ ငါးခြောက် စသည်တို့ကို မိပို၏ပုခက်စင်တွင်တင်၍ ရိုးမထဲသို့ယူသွားကြရန် ကြိုးစားနေကြခြင်းဖြစ်သည်။ ရိုးမထဲသို့ ကျွန်တော်တို့ရောက်သွားလျှင် ကျွန်တော်တို့စခန်းချနေကြရန် တဲတစ်လုံးကိုလည်း ရိုးမထဲ၌ တည်ဆောက်ထားကြပြီးဖြစ်သည်။

ယခု ကျွန်တော်တို့ မိပိုကို ပုခက်တင်ရန် ကြိုးစားနေကြသောနေရာမှာ ဆင်ကျုံးနှင့်အနီးဆုံးဖြစ်သော ညောင်ချောင်းရွာတွင်ဖြစ်သည်။ ဆင်ကျုံးနှင့်အနီးဆုံးဟု ဆိုသော်လည်း ညောင်ချောင်းရွာနှင့် ဆင်ကျုံး တည်ဆောက်ထားသော ရခိုင်ရိုးမမှာ ဆယ့်ငါးမိုင်လောက်ဝေးလေ မည်။

"မုန်ရိပ်များရှိနေလို့လား အထော်ရယ်"

"မရှိပါဘူးဗျာ။ ဒီကောင်မ သက်သက်ညစ်တာ၊ ကျွန်တော်ကြိုးစားကြည့်ပါဦးမယ်" ကိုအထော်က ဦးဘခင်ကို ပြန်ပြောလိုက်သည်။

"မိပို ကောင်မ . . . ဟောင်နော်၊ ဟောင်ဟောင်"

ကိုအထော်သည် ချွန်းအစား ဓားမြှောင်တစ်လက်ကို ခါးမှာ ဝှက်၍ မိပိုအနားသို့ တိုးကပ်သွားသည်။

mgyoe.com

mgyoe.com


"ဟောင် . . . ဟောင်ဟောင်" ဆိုသည်မှာ "မလုပ်နဲ့ ရပ်ရပ်"ဟု ဆင်နားလည်အောင် အမိန့်ပေးသော ဆင်ဦးစီးများသုံးနေကျစကား ဖြစ်သည်။

မိပိုသည် ကိုအထော်ကို နှာမောင်းနှင့် ဆတ်ခနဲကောက်ချီ၍ အပေါ်သို့မြှောက်လိုက်သည်။ ကျွန်တော့်ရင်ထဲက ဒိန်းခနဲမြည်သွား၏။ ပါးစပ်ကလည်း 'ဟာ' ဟု ကြောက်ရွံ့တကြား အော်လိုက်မိသည်။ သို့သော် ကိုအထော်သည် မိပို၏ဦးကင်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသောအခါတွင်မူ ကိုအထော်၏ လျင်မြန်ဖျတ်လတ်မှုကို အံ့သြမဆုံး ဖြစ်မိလေသည်။ ထိုကဲ့သို့ လျင်မြန်ဖျတ်လတ်မှုရှိသဖြင့် လည်း ကိုအထော်သည် ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်လေသည် မဟုတ်ပါလား။

"မက် . . . မက် . . ."

ကိုအထော်က မိပို၏နားရွက်ရင်းကို ဓားနှင့်ထိုး၍ အမိန့်ပေး လိုက်သောအခါ မိပိုမှာ ရုန်းကန်လှုပ်ရှားခြင်းမပြုနိုင်တော့ဘဲ မြေပြင်သို့ ဝပ်သွားသည်။ သည်တော့မှ ပုခက်တင်ဖြစ်သွား၏။ ပုခက်တင်ပြီး သောအခါ ပုခက်ထဲတွင် ဆန်အိတ်၊ ဆီပုံး၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်နှင့် ဝန်စည်စလှယ်များကိုတင်ကာ ရိုးမထဲသို့ ထွက်လာကြ လေသည်။

× × ×

တောမျောက်က ကြိုးခွေ၊
စိမ့်ကြီးမြိုင်ချောင်က
ရွှေဖိုးခေါင် သံချိုညောင်းတယ်
ဒေါင်းက အိုးဝေ။

mgyoe.com

mgyoe.com


တောအစကပင် ဒေါင်းတွန်သံကိုကြားရ၏။ မိုးနှောင်းကာလဖြစ်သဖြင့် တောအလုံးသည် စိမ်းစိုညို့မှိုင်းနေ၏။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ချောင်းငယ်စိမ့်စမ်းများကို ကျော်ဖြတ်၍ ရှေ့က တတိမ်းတိမ်း တယိမ်းယိမ်းနှင့် လှုပ်လီလှုပ်လဲ့သွားနေသော ဆင်မယဉ်သာနောက်ကို ကျွန်တော်တို့ ဆင်ဖမ်းသမားတွေက လိုက်ကြရသည်။ တအိအိလှမ်းသွားနေသော မိပို၏ခြေလှမ်းမှာ နှေးကွေးလွန်းသည်ဟုထင်ရသော်လည်း ခြေလှမ်းကျဲသောဆင်မကို ကျွန်တော်တို့က မီအောင်မနည်းကြိုးစားပြီး လိုက်ယူရ၏။

ဆင်မ မိပို၏ ဦးကင်းထက်မှ ကိုအထော်သည် ကျွန်တော်တို့လူအုပ်ကို ပြန်ကြည့်ပြန်ကြည့်နှင့် ရခိုင်ရိုးမထဲသို့ တရွေ့ရွေ့လိုက်ပါလျက်ရှိသည်။ ကျွန်တော်တို့ ဆင်ဖမ်းသမား လူတစ်ဆယ်ကျော်သည်လည်း မိပို၏နောက်က လိုက်ပါလျက်ရှိကြ၏။ ဆင်နှင့် အခေါက်ခေါက်အခါခါ သွားထားကြပြီးဖြစ်သဖြင့် ရိုးမထဲသို့ လမ်းပေါက်နေပြီ ဖြစ်သည်။

စခန်းတဲသို့ရောက်သောအခါ ညနေလေးနာရီလောက် ရှိပြီဖြစ်သည်။ မိပို၏ကိုယ်ပေါ်မှ ဆန်အိတ်၊ ဆီပုံး၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည်တို့ကို စခန်းတဲထဲသို့သွင်း၍ ကိုအထော်နှင့် မိပိုကိုညောင်ချောင်းရွာသို့ ပြန်လွှတ်လိုက်ကြသည်။ မနက်ဖြန်တွင် ဆင်ဖမ်းရာ၌အသုံးပြုရမည့် တန်ဆာပလာများကို တစ်ခေါက်လာပို့ရန် မှာလိုက်ကြ၏။ ကိုအထော်နှင့် မိပိုတို့ပြန်သွားကြသောအခါ ဦးဘခင်အမှူးပြုသော ကျွန်တော်တို့ဆင်ဖမ်းသမား လူတစ်ဆယ်ကျော်မှာ ရခိုင်ရိုးမထဲရှိ တဲစခန်း၌ပင် ကျန်ရှိရစ်ကြသည်။ ညနေစာထမင်းကိုလည်း စခန်းတဲ၌ပင် ချက်စားကြ၏။

ကျွန်တော်တို့ စခန်းချနေကြသောတဲမှာ သက်ငယ်မိုး၊ ဝါးထရံကာ၊

mgyoe.com

mgyoe.com


သုံးပင်နှစ်ခန်းတဲဖြစ်သည်။ သစ်ဝါးတို့ပေါသောနေရာ ဖြစ်သဖြင့် တဲဆောက်ရာတွင် အခက်အခဲမရှိပေ။ ထို့ကြောင့်လည်း တဲကိုအိမ်ကဲ့သို့ပင် အခိုင်အခံ့ဆောက်လုပ်ထားကြခြင်း ဖြစ်သည်။ သက်ငယ်ကို ရွာကဆင်နှင့်တင်လာကြပြီး သစ်နှင့်ဝါးတို့မှာ ရိုးမထဲ၌ပင် အလွယ်တကူရလေသည်။ တစ်ခုထူးဆန်းသည်မှာ ဝါးထရုံရက်ရာ၌ ဝါးများကိုဓားနှင့်ခွဲခြမ်းစိတ်ဖြာနေရန် အထူးမလိုပေ။ တောဆင်ရိုင်းများက ဝမ်းဗိုက်နှင့်ရှပ်တိုက်လှဲချပြီး ခြေထောက်နှင့်ခွဲနင်းကာ အတွင်းကအူတွေကို ခွာစားထားသဖြင့် ဝါးလုံးကြီးတွေမှာ လူများထရုံရက်ရန် ခွဲခြမ်းစိတ်ဖြာထားသလို ဖြစ်နေလေသည်။ ဆင်ရိုင်းများနင်းစားထားသော ထိုဝါးလုံးခြမ်းတွေကိုကောက်ယူ၍ ကျွန်တော်တို့စခန်းချရာတဲကို အလုံအခြုံကာထားကြသည်။

ကျွန်တော်တို့ စခန်းချနေကြသောနေရာမှာ ရိုးမတောဝါးတောနှင့်သစ်တောအကြားတွင် ဖြစ်သည်။ အရှေ့ဘက်နှင့် တောင်ဘက်ကိုလှမ်းကြည့်လိုက်လျှင် အလွန်မြင့်မားသော ရိုးမတောင်တန်းကြီးများတွင် ပိန်းပိတ်အောင်ပေါက်နေကြသော ဝါးရုံတော ညို့ညို့ကြီးကိုမြင်နေရသည်။ မြောက်ဘက်နှင့် အနောက်ဘက်တွင်တော့ သစ်တောများတည်ရှိလေသည်။ အနောက်ဘက်က တောင်တန်းမြင့်ကြီးများ ကာဆီးနေသဖြင့် ညနေစောင်းနေလုံးနီနီကို မမြင်ရသော်လည်း အရှေ့ဘက်တောင်ထိပ်ရှိ ဝါးပင် ဝါးညွန့်တို့၏ထိပ်ဖျားတွင်တော့ တောက်ပသောနေရောင်ခြည်ကို မြင်နေရသေးသည်။

ကျွန်တော်တို့ တဲနှင့်ကပ်လျက် တောင်ဘက်တွင် ရိုးမထဲမှ စီးဆင်းလာသော တောင်ကျစမ်းချောင်းကြီးတစ်ခုရှိ၏။ ထိုစမ်းချောင်းထဲကရေကို သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုကြရသည်။ ကျွန်တော်တို့ရိုးမထဲသို့ ရောက်သွားကြသောအချိန်မှာ မိုးအနှောင်း ဆောင်းအဝင်

mgyoe.com

mgyoe.com


တန်ဆောင်မုန်းလပင် ဖြစ်သော်လည်း စမ်းချောင်းထဲမှ ရေစီးသံသာသာကို ကြားနေတုန်းပင်ရှိသေးသည်။ တောတွေ တောင်တွေနှင့် အကျွမ်းတဝင်မရှိလှသော ကျွန်တော်သည် ထိုညက တစ်ညလုံးအိပ်မပျော်ပေ။ စမ်းချောင်းထဲမှ ရေစီးသံနှင့်အတူ ပိုးကောင်မွှားကောင်ငယ်တို့၏ အော်မြည်သံတို့ကလည်း တဲ၏ပတ်ဝန်းကျင်တွင် ညံစီနေကြသည်။ ကျွန်တော်ကလွဲ၍ ကျန်သောဆင်ဖမ်းသမားများမှာကား တောကျွမ်းကျင်နေသူများမို့ တောတွင်အထာကျကာ စိုးရိမ်ကြောင့်ကြကင်းမဲ့စွာ အိပ်ပျော်နေလေသည်။

ထိုညက ကျွန်တော့်စိတ်ထဲတွင် အတွေးတွေက ပလုံစီနေကြ၏။ ကျွန်တော့်မှာ ဆင်ဖမ်းသမားတစ်ယောက်အဖြစ် ရခိုင်ရိုးမထဲသို့ ဆင်ဖမ်းရန် လိုက်လာမိသော်လည်း ဆင်ဖမ်းရန်ကျုံးနှင့် တောဆင်ရိုင်းများကိုပင် တစ်ခါမျှမြင်ဖူးသူမဟုတ်ပေ။ ထို့ကြောင့်လည်း တောဆင်ရိုင်းများနှင့် ဆင်ဖမ်းရန်ကျုံးတို့ကို မည်သို့မည်ပုံရှိလေမည်နည်းဟု စိတ်မှန်းနှင့်တွေး၍ အိပ်မပျော်ဖြစ်ခဲ့ရသည်။ သို့သော် ဆယ့်ငါးမိုင်ကျော်ခရီးကို တစ်တောဝင် တစ်တောင်တက် အပြင်းလိုက်လာရသူမို့ မိုးလင်းခါနီးတွင် မောမောနှင့် အိပ်ပျော်သွားလေသည်။

လင်းကြက်တွေ၏တွန်သံသာကို မကြားလိုက်ရသော်လည်း ကွဲကွဲကွက္ဂ မြည်လာကြသော မျောက်လွှဲကျော်တို့၏ အသံကြောင့် ကျွန်တော်သည် အိပ်ရာမှနိုးလာ၏။ ဦးဘခင်၊ ဦးလေးတင်အောင်တို့နှင့် တကွသော ဆင်ဖမ်းသမားတွေကို ရေချွေးပိုင်းတွင်တွေ့ရသည်။ အရှေ့ဘက် ရိုးမတောင်ထိပ်ပေါ်မှ နေရောင်ခြည်တန်းများ ထိုးကျလာသောအခါ ကြိမ်ခွေတွေကိုထမ်း၍ ကျုံးတည်ဆောက်ရန် တန်ဆာပလာတွေကိုယူပြီး ကျုံးရှိရာသို့ ထွက်လာကြသည်။ စခန်းတဲတွင် ကိုညိုမောင်နှင့် ကိုတင်ငွေတို့က ထမင်းဟင်းချက်၍ ကျန်ရစ်ကြသည်။

mgyoe.com

mgyoe.com


ဆင်ထောင်ဖမ်းရန်ကျုံးမှာ စခန်းချရာတဲနှင့် ကိုက် ၂၀၀ လောက် သာဝေး၏။ ဆင်ကျုံးနားတွင် တောဆင်ရိုင်းများ ရိုးမတောနက်ဆီမှ စမ်းချောင်းသို့ ရေသောက်ရန် ဆင်းလာသောလမ်းနှင့် ဝါးတောကြီး များသို့ ဝါးစားရန် သွားသော ယခင်တစ်နှစ်ကလမ်းဟောင်းကို ထင်ထင်ရှားရှားတွေ့ရသည်။ ကျွန်တော်တို့လိုက်ဖမ်းရမည့် ဆင်များ သည် ဆောင်းလအလယ်ပိုင်းလောက်ရောက်လျှင် ရိုးမတောနက်ကြီး ဆီမှ ဤလမ်းကြောင်းအတိုင်း မုချဆင်းလာကြလိမ့်မည်ဟု ဆိုသည်။

ဆင်ဖမ်းရန် တည်ဆောက်ထားသောကျုံးမှာ ပေ ၅၀ ကျော် လောက် အရှည်ရှိမည်ထင်သည်။ လေးထောင့်ပုံ ဖြစ်သော်လည်း တစ်ဖက်ကျဉ်းဖြစ်သည်။ သုံးထောင့်ယက်သဲ့ပေါင် နဲ့ဝပုံသဏ္ဌာန်ပင်။ ကျဉ်းမြောင်း၍ ဆင်တစ်ကောင် ဝင်ဆံ့ရုံသာရှိသော နောက်ဘက်တွင် တံခါးရှင်တစ်ခုရှိ၏။ တောဆင်ရိုင်းများကို ကျုံး၌ဖမ်းမိပြီးသောအခါ ထိုတံခါးရှင်ကပင် ဆင်များကို တစ်ကောင်ချင်း ကျုံးအပြင်ဘက်သို့ ညှပ်သွင်းရန် ထုတ်ယူလိမ့်မည်။ ကျုံးတံခါးတိုင်မှာ လူကြီးတစ်ယောက် ဖက်၏ တစ်ဝက်လောက်ရှိသည်။ အမြင့်ပေ ၅၀ နီးပါးမြင့်သည်ဟု ဦးလေးတင်အောင်က ပြောပြ၏။ ထိုသို့ပေ ၅၀ နီးပါး မြင့်သော တံခါး တိုင်များကို ဆင်မ မိပို၏အကူအညီနှင့်ပင် ထူရသည်ဟု ဆိုသည်။

ဆင်ကျုံးအဝင်ဝအပေါ်တွင် ကျုံးတံခါးကြီးကို ပိလောလျှော် ကြိုးနှင့် ငါးတန်ချည်ထား၏။ တံခါးကို အပေါ်၌ပင်ဆင်သည်ဟု သိရ သည်။ အောက်၌ဆင်လျှင် လေးလံသောတံခါးကို အပေါ်သို့တပ်၍ မလွယ်ကူချေ။ ဆင်ကျုံး၌ အဝင်ဝတံခါးတိုင်နှင့် တံခါးနေရာသည် အမြင့်ဆုံးနေရာဖြစ်၏။ ဆင်များ ကျုံးထဲသို့ဝင်မိ၍ တံခါးကြိုးကို ဖြတ် ချလိုက်သောအခါ အပေါ်က အလေးနှင့်တံခါးသည် မြေပြင်သို့ တစ်ထွာ တစ်မိုက် စူးဝင်သွားအောင် တမင်လုပ်ထားခြင်းဖြစ်သည်။ တံခါးမှာ

mgyoe.com

mgyoe.com

လူကြီးပေါင်လုံးလောက်ရှိသော သစ်လုံးကြီးတွေကိုစီ၍ ကြိမ်နှင့် ကွပ်ဆင်ထားသည်။ အောက်ဘက်ရှိ တံခါး၏သစ်လုံးထိပ်ဖျားများကို မြနေအောင် ချွန်ထားသည်။ ပီလောလျှော်ကြိုးနှင့် ငါးတန် ရစ်ပတ် ချည်ထားသော တံခါးမှာ ဆင်များ ကျုံးထဲ၌ဝင်မိပြီးသောအခါ အစ နှစ်ဖက်ကို ဓားနှင့်ဖြတ်လိုက်ရုံနှင့် အလယ်သုံးတန်သော ပီလောလျှော် ကြိုးတွေမှာ တံခါးအလေးနှင့် အလိုလိုပြုတ်ကျသွားအောင် စနစ်တကျ ဆင်ထားသော တံခါးဖြစ်၏။

ကျုံး၏ ဘေးနှစ်ဖက်နံရံမှာ သစ်လုံးကြီးတွေကို တစ်လုံးပြီး တစ်လုံး စီတန်း၍ မြေတွင် အခိုင်အခံ့စိုက်ထူကာ တည်ဆောက်ထားခြင်း ဖြစ် သည်။ သစ်လုံး တစ်လုံးနှင့်တစ်လုံးပူးကပ်၍ စီတန်းတည်ဆောက် ခြင်းမှာ ဆင်များ ကျုံးထဲ၌မိနေချိန်တွင် ကျုံးတိုင်များ၏ သစ်လုံးကြားထဲ သို့ ဆင်နှာမောင်းထိုးသွင်း၍ မဝင်နိုင်အောင် တမင်လုပ်ထားခြင်း ဖြစ်သည်။ ဆင်နှာမောင်း ထိုးသွင်းဝင်ဆံ့လျှင် အားသန်သော ဆင်များ သည် ကျုံးတိုင်များကို နှာမောင်းနှင့် ရစ်ပတ်ဆွဲလိမ်ပါက ကျုံး ပေါက် ထွက်သွားမှာ စိုးရသည်။ ထို့ကြောင့် သစ်လုံးကြီးတွေကို ပူးကပ်၍ ဆင်နှာမောင်းမသွင်းနိုင်အောင် တည်ဆောက်ထားရခြင်းဖြစ်သည်။

ဆင်ကျုံး တည်ဆောက်ရာတွင် သံကို များစွာအသုံးမပြုပေ။ ကြိမ် လုံး ကျပ်လုံးတွေနှင့်သာ ပူးချည်ကွပ်ကဲထားရသည်။ သံနှင့် ရိုက် ထားလျှင် ကျုံး၌ တောဆင်ရိုင်းများဖမ်းမိသောအခါ ဦးကင်းနှင့် ဆင်ရိုင်း တွေ တအားဆောင့်အောင်းပါက သံကျွာ၍ ကျုံးပေါက်ထွက်သွားမည်ကို စိုးရသည်။ ကျုံးတည်ဆောက်ရာ၌ သံနှင့် တဒိုင်းဒိုင်း တဒုန်းဒုန်း ရိုက် နက်၍ တည်ဆောက်နေကြလျှင် ဤနေရာ၌ လူသားများရောက်နေ ကြပြီဆို သည်ကို သိ၍ ဆင်များဝေးဝေးသို့ ရှောင်ပြေးကြမည်ကို စိုးရ သည်။ ထို့ကြောင့် သံကို များစွာအသုံးမပြုကြပေ။

mgyoe.com

mgyoe.com


ဆင်ကျုံး၏ ရှေ့ပေ ၁၀၀–၁၅၀ တွင် သစ်လုံးကြီးတွေနှင့် ရဲလောင်းနှစ်ဖက် သွယ်ထားရ၏။ ထိုရဲလောင်းထဲသို့ ဆင်ဝင်လာလျှင် ပြန်မထွက်ပြေးနိုင်အောင် သစ်လုံးကြီးတွေနှင့် တမင်ခြံကာထားခြင်း ဖြစ်သည်။ ဆင်ကျုံးရှေ့ ရဲလောင်းနှစ်ဖက်ကြားထဲ သစ်ပင်များပေါ်တွင် ကြိုးလှေကား၊ သစ်သားလုံးလှေကားနှင့် ပီလောလျှော်ကြိုးတွေကို တွဲလဲ တွဲလောင်းချထားရသေးသည်။ သစ်ပင်မြင့်ကြီးများပေါ်မှ ခိုင်မြဲအောင် ချည်ဆွဲထားသော ပီလောလျှော်ကြိုးတွေကို လူလက်ကိုင်၍ မြဲအောင် အထုံးတွေ ထုံးထားရ၏။ ဤသည်တို့မှာ ဆင်များကို ကျုံးသွင်းရန် ရိုးမထဲကမောင်းချလာရာ၌ ကျုံးဝင်ခါနီးတွင် ဆင်များပြန်၍ ရန်ရှာပါက အလွယ်တကူ သစ်ပင်ပေါ်သို့ တက်ပြေးနိုင်အောင် ဖြစ်သည်။

ဆင်လိုက်ဖမ်းရာတွင် လူနှင့်ဆင်တို့မှာ ကျုံးဝင်ခါနီး၌ အကြိတ်အနယ် ယှဉ်ပြိုင်ရသည်။ ရဲလောင်းထဲသို့ဝင်နေလျက်နှင့် ကျုံးထဲသို့ မဝင်လိုဘဲ ပေကတ်ကတ်လုပ်နေသော တောဆင်ရိုင်းများကို ကျုံးထဲသို့ ဝင်အောင် မီးအိုးဖောက်၍လည်းကောင်း၊ မီးကွင်းပစ်၍လည်းကောင်း၊ သံပုံးတီး၍လည်းကောင်း အတင်းလိုက်သွင်းရလေသည်။ ထို့ကြောင့် ဆင်ဖမ်းရာ၌ ကျုံးဝင်ခါနီးတစ်ချက်တွင် အန္တရာယ်အများဆုံး ဖြစ်လေသည်။

ဆင်ကျုံး တည်ဆောက်ရာတွင် တောတောင်ရေမြေ အခြေအနေနှင့် ဆင်သဘာဝတို့ကို နားလည်ရသည်။ ဆင်ကျုံး တည်ဆောက်ထားသောနေရာသည် ဝါးတော၊ စမ်းချောင်းတို့နှင့် နီးကပ်စွာ တည်ရှိနေရမည်။ ရိုးမတောနက်ကြီးထဲမှ နှစ်စဉ်နှစ်တိုင်း ဆောင်းဥတုကာလရောက်လျှင် ဝါးတော၊ စမ်းချောင်းသို့ လာနေ ဆင်းနေကျ ဆင်လမ်းလည်းဖြစ်ရမည်။ လူများ သွားလာလွယ်ကူနိုင်သောနေရာလည်း

mgyoe.com

mgyoe.com

ဖြစ်ရမည်။ ထိုသို့သော အင်္ဂါရပ်တွေနှင့် ညီညွတ်သောနေရာမှာ ဆင်ကျုံး တည်ဆောက်၍ရသည်။ ထိုအင်္ဂါရပ် အခြေအနေတို့ကို မသိဘဲ ဆင်ကျုံး တည်ဆောက်၍ တောဆင်ရိုင်းများကို လိုက်ဖမ်းလျှင် ဆင်ကို မဖမ်းမိဘဲ ရိုးကျားကြီးများနှင့် ငှက်ဖျားတို့၏ဒဏ်ကြောင့် ဆင်ဖမ်း သမားတွေမှာ သေရုံရှိလေသည်။

ဝါးတောနှင့်နီးရမည်ဆိုသည်မှာ ဆင်များသည် ဝါးကို ကြိုက် သဖြင့် ဆင်ဖမ်းရန်လိုက်သောအခါ ဝါးတောရှိရာဘက်သို့ ဆင်သွား လမ်း လာလမ်းကို ဦးတည်ပေးရမည်။ စမ်းချောင်းနှင့်လည်း နီးရမည် ဆိုသည်မှာ ဆင်များသည် အလွန်ချမ်းအေးသော ဆောင်းလအခါ၌ ရေစိမ်လေ့ရှိ၏။ ဆောင်းတွင်းတွင် အင်္ဂါနံဖြစ်သော ဆန်၊ ဆီ၊ ဆား၊ 'ဆင်'၊ ဆေး စသည်တို့ ပူအိုက်တတ်သည်ဟု ဆိုခြင်းမှာ ဟုတ်ကောင်း ဟုတ်ပေမည်။ ဆောင်းဥတုသမယတွင် လူနှင့်တကွသော တခြားသက်ရှိ သတ္တဝါများအားလုံး ချမ်းအေးကြသော်လည်း ဆင်သည် ဆောင်းဥတု၌ အလွန်ပူအိုက်တတ်သည်။ သူတို့၏ ကြီးမားသော ကိုယ်လုံးကြီးတွေကို ရေမစိမ်ရလျှင် ဆင်သည် ဆောင်းလ၌မနေနိုင်ပေ။ ရေအိုင် ရေခွက် ကြီးကြီးမရှိ၍ ရေမစိမ်ရလျှင် ရေကိုနှာမောင်းနှင့်စုပ်၍ ကိုယ်ပေါ်သို့ မကြာခဏ ပစ်တင်ပေးတတ်သည်။

မိုးနှောင်းသော ဆောင်းလဖြစ်သဖြင့် တောနက်သော စမ်းချောင်း များတွင် ဆင်များ အိုင်စိမ်နေနိုင်လောက်အောင် ရေခွက် ရေအိုင်ကြီးတွေ ခန်းခြောက်သွားသောအခါ ရေခွက် ရေအိုင်ကြီးတွေရှိသော စမ်းချောင်း အောက်ဘက်သို့ ဆင်အုပ်များ ဆင်းလာကြစမြဲ ဖြစ်သည်။ ဤသည်ကို ဝါရင့်ဆင်ဖမ်းသမားတိုင်း သိသည်။ အကယ်၍ ဆင်အုပ်ကို ကျုံး၌ဖမ်းမိ ထားသောအခါ ဆင်များကို ရေခပ်တိုက်ရာ၌ လွယ်ကူအောင် စမ်းချောင်း နှင့်နီးမှ ဖြစ်လေသည်။ ခြောက်ပေ၊ ခုနစ်ပေရှိသော ဆင်တစ်ကောင်

mgyoe.com

သည် တိုင်ကီတစ်လုံး၏ သုံးပုံနှစ်ပုံမျှသောရေကို အသာလေးသောက်နိုင်သဖြင့် ဆင်သောက်ရန်ရေကို ဝေးဝေးလံလံခရီးသို့သွား၍ ခပ်နေရပါက ဆင်ဖမ်းသမားတွေမှာ ကျုံး၌မိနေသော ဆင်များစွာတို့၏ သောက်ရေခပ်ရသည်နှင့်ပင် သေရချိမ့်မည်။ ထို့ကြောင့် စမ်းချောင်းနှင့်လည်း နီးရမည်ဟု ဆိုခြင်းဖြစ်သည်။

လူတွေ သွားလာလွယ်ကူသောနေရာလည်း ဖြစ်ရမည် ဆိုသည်မှာ တောတောင်ထူထပ်၍ နက်ရှိုင်းသော ရိုးမထဲတွင် ကျုံးတည်ဆောက်၍ ဆင်အုပ်ကို မြန်မြန်မိနိုင်သည်မှာတော့ အမှန်ပင်ဖြစ်သည်။ သို့သော်တောနက်လွန်း၍ လူသူလေးပါး အသွားအလာ ခက်ခဲသောနေရာ၌ဖမ်းမိထားသော တောဆင်ရိုင်းများကို မည်သူမျှ လာကြည့်ကြမည် မဟုတ်ချေ။ လူများများ လာမကြည့်ကြလျှင် ထိုကျုံး၌ ဖမ်းမိထားသော တောဆင်ရိုင်းများသည် ဘယ်တော့မှ ယဉ်ပါးကြမည်မဟုတ်။ တောနက်လွန်းလျှင် ဆင်ရိုင်းများသည် ရဲရင့်လွန်း၍ လူတွေကိုပြန်၍ ရန်မူရန်ဝန်မလေးကြပေ။

တောနက်လျှင် အရိုင်းကောင်များ အားရှိသည်။ ထို့ကြောင့် ဆင်ကျုံးတည်ဆောက်၍ ဆင်ဖမ်းသောနေရာသည် တောတောင်ထူထပ်၍ လူများအသွားအလာခက်ခဲသောနေရာ မဟုတ်ဘဲ တောဆင်ရိုင်းများကိုကျုံး၌မိထားပြီဟု သိရသောအခါ ဆင်ဖမ်းသမားများ၏ သားမယားများနှင့် ရွာနီးချုပ်စပ်ရှိရွာများမှ လူကြီး၊ ကလေးများပါမကျန် လာကြည့်နိုင်သော နေရာဖြစ်ရမည်။ လူများများ လာကြည့်ကြမှ တောဆင်ရိုင်းများမြန်မြန်ယဉ်ပါးလွယ်မည် မဟုတ်ပါလား။

ထိုသို့ဖြစ်ရကား ဆင်ဖမ်းသမားများသည် တောထဲ၌ ဖမ်းမိထားသော တောဆင်ရိုင်းများကို မယဉ်ပါးမချင်း တောထဲ၌ပင် နေကြရဦးမည်ဖြစ်သဖြင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်

mgyoe.com

စသည်တို့ကို ဆင်မယဉ်သာ တစ်ကောင်ကောင်နှင့် သယ်ယူ၍ လွယ်ကူသောနေရာလည်း ဖြစ်ရပေသည်။ ထို့ကြောင့် ဆင်ဖမ်းသောကျုံး တည်ဆောက်ရာနေရာသည် တောတောင်ရေမြေ အခြေအနေများနှင့် အစစအရာရာ ကိုက်ညီရလေသည်။ တောဆင်ရိုင်းများ၏ အထာနှင့် တောတောင်ရေမြေ အခြေအနေကိုသိသော ဝါရင့်ဆင်ဖမ်းသမားများမှ ဆင်ကျုံးတည်ဆောက်ရမည့်နေရာကို ရှာဖွေတွေ့ရှိတတ်ကြသည်။

ကျွန်တော်တို့မှာ မိုးတွင်းကပင် အကြမ်းဖျင်း တည်ဆောက်ထားသော ဆင်ကျုံးကို ခိုင်ခံ့အောင် မွမ်းမံပြုလုပ်၍ စမ်းချောင်းဘေးနားရှိ တဲတွင် စခန်းချနေကြလေသည်။ ကျွန်တော်တို့ ကျုံးသွင်း ထောင်ဖမ်းရမည်ဆိုသော တောဆင်ရိုင်းများသည်ကား ဘယ်ဆီနေမှန်းပင် မသိကြသေးပေ။

× × ×

(၂)

နံနက်စောစောဖြစ်သည်။

ရိုးမထဲ၌ အရိုးကွဲမတတ် ချမ်းအေးလှသော ဆောင်းလ၌ပင် ကျွန်တော်၏တစ်ကိုယ်လုံးသည် ချွေးတွေနှင့် စိုရွှဲနေ၏။ ပင်ပန်းမောဟိုက်လွန်းသဖြင့် လူမှာ ဟောဟဲ ဟောဟဲ ဖြစ်နေသည်။

ဆင်ကျုံး၏ရှေ့တွင် ရဲလောင်းသွယ်တန်းနေကြသော ဦးလေးတင်အောင်နှင့် ဆင်ဖမ်းသမားတွေက ကျွန်တော့်ကိုကြည့်၍ ပြုံးနေကြသည်။

"မင်းခြေထောက် နင်းတာ မဟုတ်သေးပါဘူး။ ခြေဖျားလေးနဲ့ ခပ်ဖွဖွလေးနင်းရတယ်ကွ။ ဒါမှ ပြေးတက်တဲ့အခါ မြန်မှာပေါ့။ ဒီမှာကြည့်နေ။ ငါတက်ပြမယ်"

mgyoe.com

ကိုညိုမောင်သည် ကျွန်တော့်ကိုပြောရင်း ပြရင်းက သစ်ပင်မြင့်ကြီးပေါ်မှ ပေ ၃၀ ကျော်လောက် အောက်သို့ဆွဲချထားသော ကြိုးလှေကားမှ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း သစ်ပင်ကြီးပေါ်သို့ မျောက်လွှဲကျော်တစ်ကောင်ကဲ့သို့ ပြေးတက်သွားလေသည်။ ကျွန်တော်သည်လည်း ကိုညိုမောင် ပြေးတက်သွားသလို အားကျမခံ သစ်ပင်ပေါ်သို့ ပြေးတက်လိုက်သွား၏။ သို့သော် ကိုညိုမောင်ကဲ့သို့ လျင်မြန်မှုတော့ မရှိသေးပေ။

ကျွန်တော့်မှာ ယခုနှစ်မှ ရိုးမထဲသို့ ဆင်ဖမ်းသမားအဖြစ် လိုက်လာရသူမို့ မတော်တဆ ဆင်ရိုင်းများကို ကျုံးသွင်းရန် ရိုးမတောကြီးထဲက မောင်းချလာကြရာတွင် ကျုံးဝင်ခါနီး၌ တောဆင်ရိုင်းများက လူများကို ရန်သတ္တုပြုရန်ပြေးလိုက်လျှင် အလွယ်တကူနှင့် သစ်ပင်ပေါ်သို့ တက်ပြေးနိုင်အောင် လေ့ကျင့်နေရခြင်းဖြစ်သည်။

ဆင်ဖမ်းရန် တည်ဆောက်ထားသော ကျုံးရှေ့တွင် သစ်ပင်များပေါ်မှ တွဲလောင်းဆွဲချထားသော ကြိုးလှေကား၊ ကြက်တက်လှေကားပေါ်သို့ ပြေးတက်လိုက်၊ ပြန်ဆင်းလိုက်နှင့် အခေါက်ခေါက် အခါခါ လုပ်နေရသဖြင့် အရိုးကွဲမတတ် အေးလှသော ဆောင်းလ၌ပင် ကျွန်တော့်မှာ ချွေးတွေစိုရွှဲ၍ မောပန်းနေခြင်းဖြစ်သည်။

ကျွန်တော် ဤကဲ့သို့လေ့ကျင့်နေရသည်မှာ ရခိုင်ရိုးမတောထဲသို့ ရောက်စကပင် ဖြစ်သည်။ ကျွန်တော်ကလွဲလျှင် တခြား ဆင်ဖမ်းသမားတွေမှာ အားလုံးလျင်မြန်ဖျတ်လတ်ပြီးသားဖြစ်ကြသည်။ ကျွန်တော့်မှာမူ ယခုနှစ်မှ ဆင်ဖမ်းသမားဖြစ်လာရသူမို့ အရေးကြုံလျှင် သက်လုံကောင်းရန်အတွက် ပင်ပန်းဆင်းရဲသည်ကို ပဓာနမထားဘဲ ပွဲမဝင်ခင် အပြင်က လေ့ကျင့်နေရခြင်းဖြစ်သည်။

မနက်ပိုင်းတွင် ကျုံးရှေ့ ရဲလောင်းအတွင်း၌ သစ်ပင်မြင့်ကြီးပေါ်မှ

mgyoe.com

mgyoe.com

တွဲလောင်းချထားသော ကြိုးလေ့ကား၊ ကြက်တက်လေ့ကားများပေါ်သို့ ပြေးတက်လိုက်၊ ပြေးဆင်းလိုက် လေ့ကျင့်နေရသလို ညနေပိုင်းမှာလည်း ဦးလေးတင်အောင်က တောတောင်နှင့် ပတ်သက်သော အထွေထွေဗဟုသုတကို ကျွန်တော့်အား လက်တွေ့သင်ပြပေးသည်။

တောထဲ၌ မျောက်လွှဲကျော်တွေ မည်သို့အူလျှင် နေဝင်တော့မည်။ မည်သို့အူလျှင် မွန်းလွဲ၊ မနက်ထတွင် မည်သို့အူတတ်သည် စသည်တို့ကို ကျွန်တော့်အား နားထောင်ခိုင်း၍ မှတ်ထားစေသည်။ ဆင်လိုက်သွားရာ၌ အန္တရာယ်တစ်ခုခုကြောင့် လူအုပ်ကွဲသွား၍ တောကြီးမျက်မည်းထဲတွင် မျက်စိလည်နေလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့်အရပ်လေးမျက်နှာတို့ကို မှန်မှန်ကန်ကန် မှတ်မိအောင် နေထွက်သောဘက်ကို မျက်နှာမူ၍ လက်နှစ်ဖက်ကို ဖြန့်တန်းလိုက်သောအခါ လက်ဝဲသည် မြောက်ဘက်၊ လက်ယာသည် တောင်ဘက်၊ ရှေ့သည် အရှေ့၊ နောက်သည် အနောက်စသည်တို့ကိုလည်း ပြောပြသည်။ ဤသည်တို့မှာ လူတိုင်းသိကြသော်လည်း တကယ့်အန္တရာယ်နှင့်ကြုံ၍ ပြေးရလွှားရတော့မည်ဆိုလျှင် သတိရချင်မှ ရတတ်ကြလေသည်။

ရွက်အုပ်မိုး သစ်ပင်များ ထူထပ်၍လည်းကောင်း၊ တောင်ချိုင့်ကြားဖြစ်၍လည်းကောင်း၊ နေလုံးကို မမြင်ရလျှင် သစ်ပင်ကြီးများကို ကြည့်ရ၏။ မိုးတွင်းကပင် မိုးပက်၍ ရေညှိတက်နေသော သစ်ပင်ကြီး၏တစ်ဖက်ခြမ်းသည် တောင်ဘက်မုချဖြစ်သည်။ မိုးလအခါတွင် တောင်လေသာ အများဆုံးတိုက်တတ်သည် မဟုတ်ပါလား။ သစ်ပင်ကြီးများကို ရှာမတွေ့လျှင် နေထွက်သော အရှေ့အရပ်ကိုသာ ကိုင်းထိုးလေ့ရှိသော တစောင်းနေမြော်ပင်များကိုကြည့်လျက် အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့်အရပ်လေးမျက်နှာတို့ကို ခန့်မှန်းယူရလေသည်။

mgyoe.com

mgyoe.com


နေ့ခင်း နေ့လယ်တွင် ဤကဲ့သို့ အမှတ်အသားရှိသလို ညအခါ၌လည်း တောထဲတောင်ထဲ၌ မျက်စိလည် လမ်းမှားသွားလျှင် မိုးပေါ်ကကြယ်များကို ကြည့်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့် အရပ်လေးမျက်နှာနှင့် ညဦး၊ သန်းခေါင်၊ မိုးလင်းယံ စသည့် အချိန်ကာလတို့ကို မှတ်သားရန် မိုးပေါ်ကကြယ်များကို ကြည့်၍ခန့်မှန်းရ၏။ ဤသည်ကိုတော့ ဦးလေးတင်အောင်က ကျွန်တော့်အား အထူးတလည် သင်ပြစရာမလိုပေ။ ဤအတတ်ကို ကျွန်တော်သည် ဘုန်းကြီးကျောင်း၌နေစဉ်ကပင် တတ်ခဲ့၏။

ကျွန်တော်တို့ ဘုန်းကြီးသည် နက္ခတ် အတော်နားလည်သည်။ လမိုက်ညဆိုလျှင် သုံးရက်တစ်ခါ၊ လေးရက်တစ်ခါထ၍ နက္ခတ်တာရာတွေကို ကြည့်ရှုလေ့လာနေတတ်သည်။ စုတင်ဆောက်တည်၍ တောရကျောင်း မကြာမကြာနေသော ဘုန်းတော်ကြီးမို့ နက္ခတ်တာရာတွေကိုသာ နာရီအမှတ်ပြုနေခြင်းဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားကြီးတွေကိုလည်း ညအခါ၌ နက္ခတ်တာရာ သံပေါက်တွေ ရွတ်ဆို၍သင်ပြလေသည်။ ဘုန်းကြီးပြသမျှ ကျွန်တော်တို့က မှတ်သားထားကြရ၏။

'ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို'၊ 'ပုဏ္ဏဖုသျှ၊ ငါးလုံးပြူ၊ နှိုင်းကူသဘော်လို'၊ 'ကိုးလုံး အညီ၊ ရေဝတီ၊ တူပြီမြွေးလိုလို' စသည်ဖြင့် ဖျောက်ဆိတ် ခုနစ်စဉ်ကြယ်ပြောင်၊ တောင်မှာ ကွန်ချာ၊ မြောက်မှာ ဓူဝံ စသည်မလွဲမှားနိုင်သော နက္ခတ်တာရာများကို ပြသ၏။ အချိန်ကာလကိုသိအောင် ဘယ်ရာသီ၊ ဘယ်ကာလတွင် ဘယ်နက္ခတ်၊ မွန်းတည့်မတ်လျှင် ဘယ်အချိန်၊ မွန်းလွဲ ဘယ်အချိန် စသည်တို့ကိုလည်း သင်ပြသေး၏။ ထို့ကြောင့် မိုးပေါ်က ကြယ်ကိုကြည့်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာနှင့် အချိန်ကာလတို့ကို မှန်းဆရာတွင် ကျွန်တော်က ဦးလေးတင်အောင်တို့ထက်ပင် တော်လေသည်။

mgyoe.com

mgyoe.com


ဤသည်တို့မှာ ဆင်ဖမ်းသွားရာ၌ နားမလည်လျှင် မဖြစ်သော အတတ်ပညာများ ဖြစ်သည်။ ရိုးမတောနက်ထဲက တောဆင်ရိုင်းများကို ကျုံးထောင်ထားရာသို့ မောင်းလာရသည်မှာ နေ့ည အချိန်ကာလ မရွေးဘဲ ဆင်သွားရာ နောက်ကိုလိုက်၍ တဖြည်းဖြည်း ခြောက်လှန့်ကာ မောင်း ယူလာမည်ဖြစ်သဖြင့် ဤသည်တို့ သိထား၊ တတ်ထားမှ ဖြစ်သည်။ ဆင်လိုက်သွားရာတွင် ညအခါ၌ မတော်တဆ ဆင်အုပ်နှင့် ပက်ပင်း သွားတိုး၍ အန္တရာယ်ဖြစ်လျှင် လူများမှာ တောင်မင်း မြောက်မင်း မကယ်နိုင် ဆိုသကဲ့သို့ အသက်အန္တရာယ်အတွက် ခြေဦးတည့်ရာသို့ စွတ်ပြေးကြရသည်။ ထိုအခါ လူအုပ်ကွဲသွား၍ တစ်ယောက်တည်း ဖြစ်နေလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့ကို သိရန် အတတ် ပညာလိုသည်။ သို့မှသာ မိမိလူအုပ်နှင့် ပြန်တွေ့နိုင်သလို မိမိတို့၏ စခန်းချထားရာ တဲသည်လည်း ဘယ်ဘက်၌ရှိနေသည်ကို သိနိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော်သည် တောတောင်နှင့် ပတ်သက်သော ဆင့်ဖမ်းသမားတို့၏ အတတ်ပညာကို တတ်သိနားလည်လာ၍ ဆင်ဖမ်း သမားကောင်း တစ်ယောက်ဖြစ်လာအောင် လက်တွေ့ပင်ပန်းခံ၍ သင်ယူ မှတ်သားနေရလေသည်။ ဤသည်တို့ကို နားလည် တတ်သိထားလျှင် နှစ်စဉ်နှစ်တိုင်း ဆင်ရိုင်းများကိုလိုက်ဖမ်းရန် ရခိုင်ရိုးမထဲသို့ လိုက်နိုင် မည်မဟုတ်ပါလား။

× × ×

နတ်တော်ဆန်းလ ဆောင်းဝင်စတွင် ဆင်ဖမ်းရန် ကျုံးကလည်း အချောတည်ဆောက်ပြီးသွားကြလေပြီ။ ထို့ကြောင့် ကျွန်တော်တို့ ဆင် ဖမ်းသမားတွေမှာ ကျုံးသွင်းထောင်ဖမ်းရန် လိုနေသော တောဆင်ရိုင်း

mgyoe.com

mgyoe.com


များကို ထောက်လှမ်းလျက်ရှိကြသည်။

ကျွန်တော်တို့ ဆင်ကျုံး တည်ဆောက်ထားသော ရခိုင်ရိုးမနှင့် အနီးကပ်ဆုံးရွာများ ဖြစ်ကြသည့် ညောင်ချောင်း၊ တလိုင်းတောင်၊ ပဒဲကော၊ မွှား စသည် တောင်စဉ်ကမ်းတစ်လျှောက်ရှိ ရွာများမှ လယ်သမားကြီးများထံတွင် တောဆင်ရိုင်းများ၏သတင်းကို နားစွင့်လျက်ရှိကြသည်။

စပါးမှည့်စပြုချိန်တွင် တောဆင်ရိုင်းများသည် ညအခါ၌ ရခိုင်ရိုးမထဲကဆင်း၍ လယ်သမားတို့၏ စပါးခင်းများကို နှစ်စဉ်နှစ်တိုင်း ခိုးစားဖျက်ဆီးတတ်ကြသည်။ ဘယ်ရွာက ဘယ်သူ့လယ်ကွင်းက စပါးကို ဘယ်နေ့ညက ဆင်စားသွားသည်။ ဘယ်ဘက်ရိုးမကို တက်သွားသည်။ ဆင်ကောင်ရေ မည်မျှရှိလိမ့်မည်။ နာရီပိုင်းအတွင်း စပါးဘယ်နှစ်ဧက ပျက်စီးသွားသည် စသောသတင်းများကို ကျွန်တော်တို့မှာ အမြဲနားစွင့်လျက်ရှိကြသလို ဆင်ကျုံးနှင့် ဆယ်မိုင်၊ ဆယ့်ငါးမိုင်ဝေးသော ရိုးမတောင်ထဲ၌လည်း ဆင်အုပ်များ သွားလာနေလေ့ရှိသော နေရာများကို နေ့စဉ်ထောက်လှမ်း သတင်းယူနေကြလေသည်။

မိုးတွင်းကာလ၌ အလွန်နက်ရှိုင်းသော ရိုးမတောတောင်ထဲတွင် မိုးအောင်းနေလေ့ရှိသော တောဆင်ရိုင်းများသည် မိုးနှောင်း၍ ဆောင်းလသို့ ရောက်သောအခါ တောနက်သော စမ်းချောင်းများတွင် ရေတွေခန်းခြောက်လာကြပြီဖြစ်သဖြင့် ရေခူက် ရေအိုင်ကြီးများရှိရာ စမ်းချောင်းဝအောက်ဘက်သို့ တောဆင်ရိုင်းများ နှစ်စဉ်နှစ်တိုင်း ဆင်းလာတတ်ကြ၏။ ရိုးမတောင်ခြေတစ်လျှောက်ရှိ လယ်သမားတို့၏စပါးများကို ညအခါ၌ ခိုးစားကြရန်လည်း ဖြစ်သည်။

နောက်တစ်ချက်မှာ ရိုးမတောနက်ထဲတွင် သဘာဝမှာ ရေရှားပါးသဖြင့် ဖြစ်သည်။ သက်ရှိသတ္တဝါများ အလွန်ချမ်းအေးသော ဆောင်းလတွင် ဆင်များမှာကား အလွန်ပူအိုက်၍ သူတို့၏ ကိုယ်လုံးကြီးတွေကို

mgyoe.com

mgyoe.com


ရေစိမ်လေ့ရှိ၏။ ထို့ကြောင့်လည်း အနေးနှင့် အမြန်ဆိုသလို တောဆင်များသည် ကျွန်တော်တို့ ဆင်ကျုံးတည်ဆောက်ထားရာ စမ်းချောင်းအောက်ဘက်သို့ မုချ ရောက်လာကြလိမ့်မည် ဆိုသည်ကို ကျွန်တော်တို့က အတတ်သိထားကြလေသည်။

မနက်မိုးလင်းလျှင် နီးစပ်ရာ ခင်မင်ရာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လူအုပ်ဖွဲ့၍ ကျွန်တော်တို့ ဆင်ဖမ်းသမားများသည် ဆင်သတင်းကို ထောက်လှမ်း(စနည်းနာ)ရန် စခန်းမှ ထွက်ကြစမြဲဖြစ်သည်။ တောထဲတောင်ထဲတွင် တစ်တောင်တက်၊ တစ်တောင်ဆင်း တစ်နေ့လုံး ဆင်အုပ်ကို ရှာဖွေထောက်လှမ်းကြရမည်ဖြစ်သဖြင့် နေ့လယ်စာကို ကောက်ညှင်းထမင်းနှင့် ငါးခြောက်ဖုတ်ကို ထုတ်ယူသွားကြရလေသည်။ တစ်ခါတစ်ခါတွင် ညအချိန်၌လည်း ဆင်သတင်းကို ထောက်လှမ်းရန် တောထဲ၌ ဆင်ဖမ်းမီးခွက်တစ်ခုစီနှင့် သွားလာလျက် ရှိကြသည်။

ညအခါတွင် တောဆင်ရိုင်းများ အုပ်လိုက်စခန်းချ အိပ်နေကြသောနေရာကို အတော်ဝေးဝေးကပင် ကြားနိုင်သည်။ ထိုဆင်အုပ်၌ ဆင်ပေါက်ကလေးများပါလျှင် ပို၍အသိရလွယ်သည်။ ဆင်ပေါက်များသည် နေ့ခင်းနေ့လယ် အစာရှာဖွေစားချိန်၌ ဦးစီးဆင်နှင့် သားထိန်းဆင်တို့ကို ကြောက်ရသဖြင့် ဆင်မများ၏အနားကို မကပ်ရဲကြသော်လည်း ဦးစီးဆင်နှင့် သားထိန်းဆင်တို့ အိပ်ပျော်နေကြသော ညအခါဆိုလျှင် ဆင်မများကို သွား၍ မြူတတ် ရိတတ်ကြသည်။ ဆင်မများက ရန်ရှာ၍ ဦးစီးဆင် နိုးလာလျှင် ဆင်ပေါက်ကလေးများ၏ နားရွက်ဖျား၊ အမြီးဖျားတို့ကို ဖြတ်ကိုက်သဖြင့် ဆင်ပေါက်လေးများ၏ တကျီကျီအော်သံကို အဝေးကပင် ကြားရသလို သစ်ပင် သစ်ခက် လှမ်းမီရာသို့ဆွဲချိုး၍ ဆင်ပေါက်များ၏ကျောကုန်းကို တအုန်းအုန်း တဖြောင်းဖြောင်း

mgyoe.com

mgyoe.com


ထုရိုက်သံနှင့် နို့စို့ဆင်ငယ်လေးများ ကြောက်လန့်တကြား အော်သံတို့ကိုလည်း အတော်ဝေးဝေးကပင် ကြားနေရလေသည်။ ထို့ကြောင့် ဆင်အုပ်များ ရှိရာကို ဆင်ဖမ်းသမားများက အလွယ်တကူ သိနိုင်ခြင်းဖြစ်သည်။

ယခင် တစ်ရက် နှစ်ရက်လောက်က တလိုင်းတောင်ရွာတွင် လယ်သမားတစ်ဦး၏စပါးခင်းကို ဆင်းစားသွားသော ဆင်ရိုင်းတစ်အုပ်သည် ဒလက်ချောင်းဖျား ရိုးမဘက်သို့ ခြေဦးလှည့်သွားကြသည်ဆိုသော သတင်းကို ကြားလိုက်ရသော်လည်း ဆင်ကောင်ရေ နှစ်ဆယ်ကျော်လောက် ဆင်အုပ်ကြီးဖြစ်နေသဖြင့် ကျွန်တော်တို့ မလိုက်တော့ပေ။ ကျွန်တော်တို့ ဆင်ဖမ်းရန် တည်ဆောက်ထားသောကျုံးမှာ ဤမျှအကောင်ရေများသော ဆင်အုပ်ကို ဖမ်းနိုင်သောကျုံးမဟုတ်ပေ။ အများဆုံး ၁၅ ကောင်လောက်သာ ထောင်ဖမ်းနိုင်သော ကျုံးဖြစ်၏။ ထို့ကြောင့် တလိုင်းတောင်ဘက်ဆင်းသွားသော ဆင်အုပ်ကို ကျွန်တော်တို့ မလိုက်ကြခြင်းဖြစ်သည်။

ဦးလေးတင်အောင်၊ ကိုညိုမောင်နှင့် ကျွန်တော်တို့သုံးယောက်သည် ဆင်သတင်းထောက်လှမ်းရန် မနက်အစောကြီးကပင် ဆင်ကျုံးတောင်ဘက်ရှိ ရိုးမတောထဲသို့ ထွက်လာကြသည်။ ဆင်ဖမ်းသမားအကုန်ပင် ကျွန်တော်တို့ကဲ့သို့ အုပ်စုဖွဲ့၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ဆင်သတင်းထောက်လှမ်းရန် ထွက်ကြစမြဲဖြစ်သည်။

ငါးခြောက်ဖုတ်နှင့် ကောက်ညှင်းထမင်း နေ့လယ်စာကို သွားရင်းလာရင်းစားကာ ကျွန်တော်တို့သုံးယောက်သည် စခန်းနှင့်တောင် သုံးလေးလုံးကျော်သို့ ရောက်လာကြသည်။ ကျွန်တော်တို့သုံးယောက်သည် စမ်းချောင်းထဲတွင် ရေစိမ်နေလေ့ရှိသော ဆင်အုပ်ကို တွေ့လို

mgyoe.com

mgyoe.com


တွေ့ပြား တောင်အောက်ခြေရင်းရှိ စမ်းချောင်းနားသို့ တိတ်ဆိတ်စွာ ဆင်းလာကြသည်။ စမ်းချောင်းတံစဉ်ကွေ့တစ်ခုသို့ ရောက်သောအခါ အထက်ဘက် ရှိစမ်းရေအိုင်ထဲမှ တဖွန်ဖွန်ရေမှုတ်နေသံကိုကြားရသဖြင့် အသာရပ်၍ နားစွင့်နေကြသည်။ ကမ်းစပ်တွင် တဖျပ်ဖျပ်လာ၍ ရိုက်ခတ်နေသော ရေလှိုင်းလေးတွေကိုလည်း ဦးလေးတင်အောင်က ငုံ့ကြည့်နေသည်။

အကယ်တန္တု ကျွန်တော်တို့ထင်သလို ဆင်အုပ်သာ ရေစိမ်နေပါက ကမ်းစပ်ကိုလာ၍ရိုက်ခတ်နေသော ရေလှိုင်းတွေမှာ ယခုကဲ့သို့ တစ်ရစ်စီ တစ်ရစ်စီမနေဘဲ ဆင်ကောင်ရေများစွာတို့၏ ကိုယ်လုံးလှုပ်ရှားနေမှုကြောင့် ဂယက်ရိုက်နေပေမည်။ ယခုကား ဂယက်ရိုက်မနေဘဲ ရေလှိုင်းလေးတွေမှာ စီတန်း၍ တစ်ခုပြီးတစ်ခုသာ ညင်သာစွာလာနေသဖြင့် ဆင်တစ်ကောင်တည်းသာ ရေစိမ်နေသည်ကို သိရသောအခါ ကျွန်တော်တို့မှာ စမ်းချောင်းအထက်ဘက်သို့ ကွေ့၍ ပြန်တက်လာကြသည်။ တစ်ကောင်တည်းသောဆင်ကို ကျွန်တော်မှာ ကျုးသွင်းဖမ်းရန် မလိုမရှိကြပေ။

ကိုက်ငါးဆယ်လောက် လျှောက်မိကြသောအခါ ရှူးခနဲ လေမှုတ်သံနှင့်အတူ စွယ်စုံဆင်ပြောင်ကြီးတစ်ကောင်သည် ကျွန်တော်တို့ရှေ့က ဘွားခနဲ ပေါ်လာတော့သည်။ ရုတ်တရက်ဖြစ်သဖြင့် ဆင်ရောလူပါ ကြောင်နေကြသည်။ အမှန်မှာ ဦးလေးတင်အောင် အတွက်မှားသွားသဖြင့် ဤဆင်နှင့် ပက်ပင်းတိုးမိကြခြင်းဖြစ်သည်။ ကမ်းစပ်သို့စီတန်း၍လာနေသော ရေလှိုင်းတွေကို ဦးလေးတင်အောင်က ဆင်တစ်ကောင် ရေစိမ်နေသည်ဟု ခန့်မှန်းသည်။ အမှန်မှာ ဆင်သည် ရေစိမ်နေသည် မဟုတ်။ တံစဉ်ကွေ့စမ်းချောင်းအတွင်း အထက်ဘက်သို့ သွားနေခြင်းဖြစ်သည်။ ထို့ကြောင့်သာ ရေလှိုင်းကလေးများသည် အောက်ဘက်သို့

mgyoe.com

mgyoe.com


စိတန်း၍ ကမ်းစပ်ကို တဖျပ်ဖျပ်လာရိုက်နေသည် မဟုတ်ပါလား။ စမ်းချောင်းမှာ တံစဉ်ကွေ့ဖြစ်သဖြင့် အထက်ဘက်သို့ တက်လာကြသော ကျွန်တော်တို့နှင့် စမ်းချောင်းအတိုင်း စုန်တက်လာသော ဆင်ပြောင်ကြီးတို့ ပက်ပင်းတိုးမိကြခြင်းဖြစ်သည်။ ဆင်ကြီး၏ကိုယ်ပေါ်မှ ရေစက်ရေပေါက်တို့သည် သစ်ရွက်ခြောက်တွေပေါ်သို့ တဖောက်ဖောက် ကျနေကြသည်။

'ကျိ' ခနဲ အော်လိုက်သံနှင့်အတူ ဆင်ပြောင်ကြီးသည် ကျွန်တော်တို့ကိုထိုးရန် လိုက်တော့၏။ လက်မောင်းတစ်ကုတ်လောက် ရှေ့သို့ ကော့တက်နေသော နီကျင့်ကျင့်အစွယ်ကြီးကို မြင်ရသည်မှာ အသည်းယားထိတ်လန့်စရာပင်တည်း။

"ပြေး . . . ပြေး"

ဦးလေးတင်အောင်သည် ပြောလည်းပြော၊ ပြေးလည်းပြေးတော့၏။ ကျွန်တော်နှင့် ကိုညိုမောင်တို့နှစ်ယောက်မှာလည်း ခြေဦးတည့်ရာသို့ စွတ်ပြေးကြတော့၏။

ဦးလေးတင်အောင်၊ ကိုညိုမောင်တို့နှင့် ကျွန်တော့်မှာ လူအုပ်ကွဲ၍တခြားစီ ဖြစ်သွားသည်။ စွယ်စုံဆင်ပြောင်ကြီးမှာ ကျွန်တော့်နောက်ကိုသာ မဲ၍လိုက်လာတော့၏။ ဆင်ကြီးသည် ကျွန်တော့်ကို နှာမောင်းနှင့် လှမ်းဆွဲ၍မိရန် တစ်လံလောက်သာ လိုတော့သည်။ ကျွန်တော့် ဦးနှောက်ထဲတွင် အသိဉာဏ်တစ်ခုက ဖျတ်ခနဲဝင်လာ၏။ ဆင်လိုက်လျှင် ရှေ့တည့်တည့်သို့မပြေးဘဲ ကွေ့ပတ်လှည့်ရှောင်၍ ပြေးရ၏။ ဆင်ဆိုသည်မှာ ကိုယ်ခန္ဓာအလွန်ကြီးမားသော သတ္တဝါကြီးဖြစ်သဖြင့် လှည့်ရာကွေ့ရာ၌ ကြန့်ကြာသည်။ တည့်တည့်သာ ပြေးနေလျှင် လူကို မဆိုထားနှင့် အလွန်အပြေးသန်သော ခွေးသည်ပင် ဆင်လက်တွင်းက မလွတ်နိုင်ပေ။

mgyoe.com

mgyoe.com


ကျွန်တော်သည် ကွေ့ပတ်လှည့်ပြေးရင်း တောင်ပေါ်သို့ တဖြည်းဖြည်းရောက်လာသည်။ ဆင်ပြောင်ကြီးသည်လည်း ကျွန်တော့်နောက်ကိုပင် တန်းတန်းမတ်မတ် လိုက်ပါလာ၏။ တောင်တစ်လုံးကျော်၍ ဝါးရုံ တောကြီးတစ်ခုသို့ ရောက်သောအခါ ကျွန်တော့်မှာ ရှေ့သို့ဆက်၍ မပြေး နိုင်လောက်အောင် မောပန်းနေတော့၏။ လူတစ်ကိုယ်လုံးမှာလည်း ကြောက်စိတ်နှင့် ချွေးတွေပြန်ကာ ဟောဟဲ ဟောဟဲ ဖြစ်နေသည်။ အနေ့နေ့ အရက်ရက်က ကြွေနေကြသော ဝါးရွက်ခြောက်တွေမှာလည်း ဒူးဆစ်လောက်ပင် ထူထပ်နေကြသည်။

ငြိုးမာန်ကြီးသော ဆင်ပြောင်ကြီးသည်ကား ကျွန်တော့်နောက်ကိုပင် တန်းတန်းမတ်မတ် လိုက်လာလျက်ရှိသည်။ ကျွန်တော့်မှာ ရှေ့သို့လည်း ဆက်၍မပြေးနိုင်တော့သဖြင့် ကြံရာမရဖြစ်နေသည်။ ဆင်ကြီးသည် ကျွန်တော်နှင့်နီးကပ်လာ၍ ကြံရာမရသောအဆုံးတွင် မိုးတွင်းက ရေတိုက်စား၍ ချောက်လိုဖြစ်နေသော မြေပြင်တွင် ပစ်လှဲချလိုက်ကာ ဝါးရွက်ခြောက်တွေနှင့် တစ်ကိုယ်လုံးကို ဖုံး၍ ပုန်းနေလိုက်ရသည်။

တောင်တစ်လုံးကိုကျော်၍ ပြေးလာရသဖြင့် မောပန်းကာ ဟောဟဲ ဟောဟဲ ဖြစ်နေသော်လည်း ကျွန်တော်သည် သတိတော့ရှိနေသေး၏။ ထို့ကြောင့်လည်း ဝါးရွက်တောထဲတွင် ပက်လက်လှန်ကာ တောလိုက်ဓားချွန်ကို မြဲမြဲကိုင်ထား၏။ မတော်တဆ ဆင်ကြီးသည် ကျွန်တော့်ကို တွေ့သွား၍ ဝါးရွက်တောထဲမှ နှာမောင်းနှင့်ဆွဲထုတ်လျှင် ဓားချွန်နှင့် ဆင်မျက်လုံးကို ဖောက်ထိုးရန် စိတ်ထဲက အစီအစဉ်လုပ်နေမိသည်။

ဆင်ပြောင်ကြီးသည် တရှူးရှူးလေကိုရှူ၍ ကျွန်တော်ရှိရာဘက်သို့ တည့်တည့်မတ်မတ် လာနေသည်။ ကျွန်တော့်မှာ ကြောက်စိတ်နှင့် မွှန်ထူကာ ထွက်သက်၊ ဝင်သက်များပင် တစ်ခဏမျှရပ်တန့်

mgyoe.com

သွားသည်ဟု ထင်မိသည်။ ဆင်ကြီး ကျွန်တော်နှင့် တစ်လံလောက် အကွာ သို့ရောက်လာသောအခါတွင်မှ အကြောက်လွန်ကာ ချေးတွေသေး တွေပါ ပါကုန်တော့သည်။

ကျွန်တော့်ကိုယ်မှာ အသေကောင်ကဲ့သို့ အေးစက်တောင့်တင်း သွားသည်။ အသက်ရှုရန်ကိုလည်း သတိမရတော့။ ဆင်ကြီးသည် မြေပြင်ကို နှာမောင်းနှင့် တရှူးရှူးရှူရိုက်၍ ရှေ့သို့သာတိုးလာနေ သည်။ 'ကျီ' ခနဲ ဆင်အော်သံကို ကြားလိုက်ရသောအခါ ကျွန်တော့် မျက်လုံးအစုံမှာ ပြာ၍သတိလစ်သွားတော့သည်။ ဝါးရွက်တောထဲ တွင်ပုန်းနေသော ကျွန်တော့်အား ဆင်ကြီးက နှာမောင်းနှင့်လှမ်းဆွဲလာ လျှင် ဆင်မျက်လုံး ကို ဓားချွန်နှင့်လှမ်းထိုးမည်ဟု စောစောပိုင်းက စိတ်ကူးသောသတ္တိမှာလည်း ဘယ်ဆီသို့ လန့်ဖျပ်ထွက်ပြေးသွားမှန်း မသိလိုက်တော့ပေ။

ဆင်ကြီးသည် တကျီကျီအော်၍ ရိုးမတောနက်ကြီးဘက်သို့ တစ်ဟုန်ထိုး တက်ပြေးသွားသောအခါ ကျွန်တော့်မှာ မယုံကြည်နိုင် လောက်အောင် အံ့သြသွားသည်။ ဦးလေးတင်အောင်တို့ကများ ဆင် နောက်ကို လိုက်လာကြပြီး လုံ့ချွန်၊ ဒူးလေး စသည့်လက်နက်တစ်ခုခု နှင့် ဆင်ကြီးကိုနောက်ကနေ ပစ်လိုက်လေသလားဟု ပတ်ဝန်းကျင်တွင် ဦးလေးတင်အောင်နှင့် ကိုညိုမောင်တို့ကို ရှာကြည့်နေမိသည်။ သို့သော် လူရိပ်လူခြေဆို၍ ဘာတစ်ခုမျှမမြင်ရသောအခါ ကျွန်တော့်မှာ ပို၍ အံ့သြသွားရသည်။ ဆင်ကြီးသည် ကျွန်တော့်ကို တွေ့ခါနီးမှ ကြောက် ကြောက်လန့်လန့်နှင့် ရိုးမတောနက်ထဲသို့ အဘယ်ကြောင့်တက်ပြေး သွားသည်ကို ကျွန်တော် အဖြေရှာမရ ဖြစ်နေမိသည်။

အချိန်မှာ ညနေလေးနာရီလောက်သာ ရှိဦးမည်ဖြစ်သော်လည်း အနောက်ဘက်တောင်မြင့်ကြီးများ၏ ထိပ်ဖျားတွင် နေလုံးသည် မေးတင်

mgyoe.com

mgyoe.com


စပြုနေလေပြီ။ ကျွန်တော်သည် စခန်းရှိရာဘက်သို့ မှန်း၍လာနေသည်။ လူတစ်ကိုယ်လုံးမှာလည်း အပေါ်ပိုင်းက ချွေးတွေနှင့်စိုရွှဲနေသလို အောက်ပိုင်းမှာလည်း သေးတွေ၊ ချေးတွေနှင့် စိုရွှဲနေလေသည်။

"တူ . . . တူ"

တောင်တစ်လုံးကျော်လိုက်သောအခါ ကျွဲချိုမှုတ်၍ အချက်ပေးသံ တစ်ခုကို ကြားရသည်။ ကျွန်တော် လွန်စွာပင် ဝမ်းသာသွားသည်။ ထို့ကြောင့် ခါးတွင်အသင့်ချိတ်ယူလာသော ကျွဲချိုကိုဖြုတ်၍ အချက်ပေး ပြန်မှုတ်လိုက်သည်။ ဦးလေးတင်အောင်တို့ဆီမှလည်း တတူတူမှုတ်၍ အချက်ပေးထားသဖြင့် နာရီဝက်အတွင်း၌ပင် လူချင်းပြန်ဆုံမိကြသည်။

"ဒီလောက်နံတဲ့အကောင် . . . ငါတို့ကသေပြီလို့ထားတာ၊ မင်း သေဖို့ပဲကောင်းတယ်"

ဦးလေးတင်အောင်သည် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း အပြစ် တင်သောစကားကို ဆိုတော့၏။ ကိုညိုမောင်ကတော့ ကျွန်တော့်ကိုယ် ပေါ်က ချေးနံ့၊ သေးနံ့တွေကို မခံနိုင်သဖြင့် နှာခေါင်းကိုပိတ်ထားသည်။

"ပြေးဆိုတာနဲ့ သောက်မှန်းကန်းမှန်မသိ၊ လေထက်ကို တက်ပြေး တယ်။ မင်းကိုငါ ဘယ်လိုပြောထားလဲ။ ဆင်နဲ့ပက်ပင်းတွေ့ရင် လေ အောက်ကို လူအမြန်ရောက်သွားအောင် ပြေးရတယ်ဆိုတာ မှတ်မထား ဘူး။ ထိတ်ခနဲဆို သတိကလည်း ဘာမှမရှိဘူး။ ကြောက်လန့်ပြီးစွတ် ပြေးဖို့ပဲသိတယ်။ ဒီအတိုင်းဆိုရင် မင်းကိုရွာပြန်ပို့လိုက်တာပဲ ကောင်း မယ်။ မင်းကိုခေါ်လာတဲ့ လူကြီးလုပ်သူတွေကိုပါ အပြစ်မကင်းဘူး"

ဦးလေးတင်အောင်က ဆူမည်ဆိုတော့လည်း ဆူစရာပင်။ တော ဆင်ရိုင်းများနှင့် ပက်ပင်းတွေ့လျှင် လူသည် ဆင်၏လေအောက်သို့ မြန်မြန်ရောက်သွားအောင် ပြေးရသည်ကို ဦးလေးတင်အောင်က ခဏ ခဏပြောပြဖူး၏။ ဆင်၏လေအောက်သို့ လူရောက်သွားလျှင် ဆင်သည်

mgyoe.com

လူနံ့ကိုခံ၍ မလိုက်နိုင်တော့ပေ။ မျက်ကွယ်ပြုသွားသည်နှင့်တစ်ပြိုင် နက် ရှောင်တတ်လျှင် အန္တရာယ်ကင်းသည်။ ဤသည်တို့ကို စခန်း၌ နေချိန်တွင် သတိရသော်လည်း ယနေ့ တကယ့်အန္တရာယ်နှင့် တွေ့သော အခါ ကျွန်တော့်မှာ သတိလစ်၍ ခြေဦးတည့်ရာသို့ စွတ်ပြေးမိခြင်းဖြစ် သည်။

ဦးလေးတင်အောင်နှင့် ကိုညိုမောင်တို့ကတော့ ဆင်၏လေအောက် သို့ ရောက်သွားကြဟန်ရှိသည်။ အတွေ့အကြုံမရှိသော ကျွန်တော် ကတော့ ဆင်၏လေထက်သို့သာ စွတ်ပြေးနေမိခြင်းဖြစ်၏။ ထို့ကြောင့် လည်း ဆင်ကြီးသည် ကျွန်တော့်ဘက်ကိုသာ အနံ့ခံ၍လိုက်လာခြင်း ဖြစ်သည်။ ကျွန်တော့်မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဦးလေးတင်အောင်က ဆူပူကြိမ်းမောင်းသမျှကို ခေါင်းငုံ့၍သာ ခံရတော့သည်။

"ဘယ်လိုလွတ်လာလဲ"

ကျွန်တော်က အကြောင်းစုံကို ပြောပြသည်။

"အေး . . . အဲဒါလည်း မင်းအတွက် သင်ခန်းစာပဲ၊ မှတ်ထား။ လူသေးနံ့ဟာ တောခွေးသေးနံ့နဲ့ တူတယ်။ တကယ်လို့ မင်းသာသေး မပါမိရင် ဆင်ကြီးက မင်းကိုနင်းသတ်မှာ ကျိန်းသေပဲ။ ခု သေးနံ့ရတော့ တောခွေးတွေက သူ့ကိုချောင်းနေတယ်ထင်ပြီး ကြောက်အားလန့်အားနဲ့ ထွက်ပြေးသွားတာ"

ဦးလေးတင်အောင် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ တောခွေး သည် တောတွင်းရာဇာဖြစ်၏။ လျင်မြန်ဖျတ်လတ်သော ရိုးကျားကြီး များနှင့် ခွန်အားဗလကြီးမားသော တောဆင်ရိုင်းများပင် တောခွေးကို အလွန်ကြောက်ရသည်။ တောခွေးတို့သည် အစာရှာထွက်လာလျှင် တစ်ကောင်တည်း ဘယ်တော့မှမလာပေ။ ကိုးကောင်၊ ဆယ်ကောင် အုပ်စုလိုက်ဖွဲ့၍ လာလေ့ရှိ၏။ သားကောင်များကို တွေ့လျှင်လည်း

mgyoe.com

 mgyoe.com 

မည်သည့်သားကောင်ကိုမျှ လက်လွှတ်မခံတတ်ကြပေ။

သူတို့သည် သားကောင်များကိုဖမ်းဆီးရာ၌ သားကောင်များ သွားလမ်း၊ လာလမ်းတွင် သူတို့၏သေးရည်တွေကို သစ်ရွက်၊ သစ်ခက်များပေါ်၌ ပန်းထားတတ်ကြသည်။ သူတို့သေးရည်နှင့် မျက်လုံးတို့ ထိပွတ်မိလျှင် ကျားသည်လည်းကောင်း၊ ဆင်သည်လည်းကောင်း ခဏချင်း မျက်လုံးတွေပြာ၍ မှုးဝေသွားကြသည်။ မျက်လုံးကလည်း ဘာမှကြည့်၍မမြင်ရတော့။ ထိုအခါ တိုက်ခိုက်ရန် အသင့်ချောင်းမြောင်းနေကြသော တောခွေးများသည် သားကောင်၏မျက်လုံးနှင့် သေနိုင်မည့်နေရာအနှံ့အပြားကို ပြေးခုန်ထိုးဟပ်၍ ခဏချင်း သတ်ဖြတ်ပစ်လိုက်ကြသည်။ ထို့ကြောင့်လည်း တောခွေးများကို ဆင်ရော ကျားပါ အလွန်ကြောက်ကြသည်။ ယနေ့ ကျွန်တော့်အနားကို ရောက်ပြီးကာမှ လူသေးနံ့ကို တောခွေးသေးနံ့ထင်၍ ဆင်ပြောင်ကြီး ထွက်ပြေးသွားသည်ဟု ဦးလေးတင်အောင်က ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ဆင်ပြောင်ကြီးသည် တောခွေးတို့၏ ထောင်ချောက်တွင်းသို့ ရောက်နေသည်ထင်၍ ထွက်ပြေးသွားခြင်းဖြစ်သည်။

စခန်းသို့ ပြန်ရောက်လာကြသောအခါ အတော်ပင် မှောင်စပျိုးနေလေပြီ။ ဆင်ဖမ်းသမားတွေမှာ ကျွန်တော်တို့အုပ်စု ပြန်ရောက်မလာသေး၍ စိုးရိမ်နေကြသော်လည်း မိုးလင်းလျှင် ဆင်ဖမ်းထွက်ရန်အတွက် တန်ဆာပလာတွေ အသင့်ပြင်နေကြသည်။ မနက်က ဆင်များကို ထောက်လှမ်းရန် ကျွန်တော်နှင့်အတူ ထွက်သွားသော ကိုရွှေကျော်တို့ အုပ်စုသည် ဆင်ကျုံးနှင့် ဆယ့်နှစ်မိုင်လောက်ဝေးသော မြောက်ဘက်ရိုးဖျားတွင် ဆင်တစ်အုပ်တွေ့ထားခဲ့သည်ဟု ဆိုသည်။ ဆင်များ၏ အကောင်ရေမှာ အနည်းဆုံး ခြောက်ကောင်၊ အများဆုံး ဆယ့်ငါးကောင်ဟု ခန့်မှန်းခဲ့ကြသည်။ ထိုဆင်အုပ်ကို ကျုံးထဲသို့မောင်းသွင်း၍

mgyoe.com

mgyoe.com


ထောင်ဖမ်းရန် ဆင်ဖမ်းသမားတွေမှာ ညတွင်းချင်း အစီအစဉ်လုပ်ကြလေသည်။

× × ×

နေ့ခင်းကပင် ဆင်အုပ်တွေ့၍ ယနေ့ညဉ့် ဆင်အုပ် စခန်းချအိပ်နေကြလိမ့်မည် ထင်သောနေရာကို တွေ့ထားခဲ့ကြပြီးဖြစ်သဖြင့် မနက်မိုးမလင်းမီ ထိုဆင်အုပ်ကိုသွားဝိုင်း၍ ဆင်ကျုံးရှိရာသို့ မောင်းလာကြရန်အတွက် ကျွန်တော်တို့ အပူတပြင်း ညတွင်းချင်း စိုင်းပြင်းလျက် ရှိကြသည်။

ဆင်ဖမ်းသမား လူတစ်ဆယ်ကျော်မှာ တစ်ရွာတည်းသားတွေမဟုတ်မူဘဲ ရွာလေး–ငါး–ခြောက်ရွာက လူများဖြစ်သဖြင့် အရေးကြီးလျှင် သွေးစည်းကြရန် ခင်မင်ရာနီးစပ်ရာလူချင်း အုပ်စုတွဲကြသည်။ တောဆင်ရိုင်းများကို ဆင်ကျုံးရှိရာသို့ မောင်းယူလာရာတွင် တစ်ရက်နှစ်ရက် ကြာချင်ကြာမည်ဖြစ်သဖြင့် ကောက်ညှင်း၊ ထမင်းထုပ်နှင့်ငါးခြောက်ဖုတ်တို့ကို မိမိတို့လွယ်သွားရမည့် ဝါးခြင်းထဲသို့ တစ်ရက်၊ နှစ်ရက်စာ ထည့်ကြရသည်။ ဆင်လိုက်ရာတွင်သုံးသော တန်ဆာပလာများ ဖြစ်သည့် မီးကွင်း၊ မီးအိုး(ဗျောက်အိုး)၊ ဆီမီးခွက်၊ လှံရှည်၊ လှံတို၊ ဓားချွန်တို့ကိုလည်း အသင့်ပြင်ထားကြလေသည်။ ဆင်ဖမ်းရာတွင်သုံးသောဆီမီးခွက်မှာ နှစ်ဖက်အစွယ်နှင့် မီးစာနှစ်ဖက်ပါသည်။ မီးစာနှစ်ဖက်ညှိထွန်းထားခြင်းမှာ ပြေးရလွှားရ၍ တစ်ဖက် မီးငြိမ်းသွားလျှင်နောက်တစ်ဖက်နှင့်အသုံးပြုနိုင်ရန် ဖြစ်သည်။

ဆင်ဖမ်းသမားများသည် များသောအားဖြင့် လထိန်ထိန်သာသောညများ၌သာ ဆင်များကို ကျုံးသွင်းဖမ်းလေ့ရှိသော်လည်း ယခုကျွန်တော်တို့ဖမ်းကြရမည်မှာ လမိုက်ညဖြစ်နေသဖြင့် ကျုံးကို ဝါးလုံး

mgyoe.com

mgyoe.com


တန်းထိုးထားရ၏။ ဝါးလုံးတန်း ထိုးထားခြင်းမှာ ဆင်များ ကျုံးထဲသို့ ဝင်လာလျှင် လမိုက်ညမို့ မမြင်ရသော်လည်း ဝါးလုံးတန်းကျိုးသံကို နားထောင်၍ ကျုံးအဆုံးသို့ ဦးစီးဆင်ရောက်သွားပြီ ဆိုသည်ကို တံခါး စောင့်သူကသိနိုင်အောင် ဖြစ်သည်။ ဦးစီးဆင် ကျုံးအဆုံးသို့ ရောက် သွား၍ ပြန်လှည့်ထွက်မပြေးခင် အဝင်ဝတံခါးကို ဖြုတ်ချရမည် မဟုတ် ပါလား။

ကျွန်တော်တို့ ဆင်ဖမ်းရန် ဆောက်လုပ်ထားသော ကျုံးမှာ တောဆင်ရိုင်းများ ကျုံး၌မိနေလျှင် လိမ္မာပါးနပ်သော စွယ်စုံဆင်ပြောင် ကြီးလေးစီးကို ကျုံးထဲသို့ ဦးစီးပဲ့ချိတ်တစ်ယောက်စီနှင့်အတူ မောင်း သွင်း၍ ဖမ်းသောနည်းမဟုတ်ပေ။ ဆင်ယဉ်များအကူအညီကို များစွာ မယူဘဲ ကြိုးကွင်းတုပ်ဖမ်းသောနည်း ဖြစ်သည်။

ဦးဘခင်နှင့် ကိုညိုမောင်တို့ နှစ်ယောက်ကို တံခါးစောင့် ထားပစ် ခဲ့၍ ကျန်လူများမှာ ဆင်အုပ်ရှိရာ ရိုးမထဲသို့ ထွက်လာကြသည်။

ရိုးမထဲ၌ စခန်းချအိပ်နေကြသော ဆင်အုပ်ကို ကျွန်တော်တို့က စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ဝိုင်းမိနေကြသောအချိန်မှာ မိုးပင်မလင်းသေး ပေ။ ထို့ကြောင့် ကျွဲချိုမှုတ်အချက်ပေး၍ မိုးလင်းအောင် စောင့်နေကြရ သေးသည်။

မိုးလင်းလာသည်နှင့် တစ်ပြိုင်နက် ညာသံပေး၍ ဆင်အုပ်ကို ကျုံးရှိရာဘက်သို့ခြောက်လှန့်၍ မောင်းကြတော့သည်။ ခြောက်လှန့် သည်ဟု ဆိုသော်လည်း ဆင်များ အရမ်းကြောက်လန့်သွားကာ ခြေဦး တည့်ရာသို့ ထွက်ပြေးသွားလျှင် ထောင်ထားသောကျုံးရှိရာ ဆင်လမ်း နှင့် လွဲသွားမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ဖြည်းဖြည်းချင်း မ,၍ မောင်းလာရခြင်းဖြစ်သည်။

ဆင်အုပ်ကို တဖြည်းဖြည်း ခြောက်လှန့်၍ မောင်းလာကြရာ

mgyoe.com

mgyoe.com


နေ့လယ်အချိန်သို့ ရောက်သောအခါ ဆင်လိုက်သမားတွေမှာ နေ့လယ်စာကို သွားရင်းမတ်တတ်စားကြရသည်။ ဆင်အုပ်မှာ ကျုံးရှိရာဘက်သို့ တရွေ့ရွေ့သွားနေ၏။ မိုးချုပ်လျှင် ဆီမီးခွက်တွေကို ထွန်းညှိကြရသည်။ ဆင်အုပ်ကို တစ်နေ့လုံး မောင်းယူလာကြသော်လည်း ခရီးကသိပ်မတွင်လှ။ ဆင်အုပ်သည် ကျုံးရှိရာဘက်သို့ တရွေ့ရွေ့သွားနေသည်ဟု ဆိုသော်လည်း အမှန်မှာ အစာစားရင်း စမ်းချောင်းကိုတွေ့လျှင် ရေစိမ်ရင်းသာသွားနေသဖြင့် ဆင်ကျုံးရှိရာနှင့် တောင်ကြီးနှစ်လုံးခြား၍ စိတ်အထင် ခုနစ်မိုင်လောက်ပင် ဝေးလေဦးမည် ထင်သည်။

ဆင်ကျုံးနှင့် ဆင်သွားလမ်းကြားတွင် စမ်းချောင်းကြီး တစ်ခုရှိသည်။ နေ့ခင်းက ထိုစမ်းချောင်းတွင် ဆင်များသည် အချိန်တော်တော်ကြာအောင် ရေစိမ်သွားကြသည်နှင့်တူ၏။ ဆင်အုပ် ရှေ့သို့ရောက်သွား၍ ကျွန်တော်တို့ စမ်းချောင်းနားသို့ ရောက်လာကြသောအခါ စမ်းချောင်းထဲကရေတွေမှာ နောက်ကျို၍ ဆင်ခြေရာတွေနှင့် ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရသည်။ နောက် စမ်းချောင်းကမ်းပါးတွင် ဆားဓာတ်ပါသော မြေသားများကိုလည်း ဆင်များ ထိုးစားသွားသည်ကို တွေ့ရသည်။

ညမှာ တဖြည်းဖြည်း နက်ရှိုင်းလာသလို ဆင်အုပ်မှာလည်း ကျုံးရှိရာနှင့် တဖြည်းဖြည်းနီးလာသဖြင့် လူတွေမှာ ပို၍အားရှိလာကြသည်။ ညနှစ်ချက်တီးအချိန်တွင် ဆင်အုပ်သည် ရဲလောင်းထဲသို့ စဝင်တော့၏။ ရဲလောင်းထဲသို့ဝင်ပြီဆိုလျှင် ကျုံးထဲသို့ဝင်ရန် ကျိန်းသေသွားလေပြီ။ ထိုအခါ ကျွန်တော်တို့မှာ အသင့်ယူလာကြသော မီးအိုးတွေကို အချက်ပေါင်းများစွာ ဖောက်၍ ဟေးလားဝါးလား ညာသံပေးကာ တောဆင်ရိုင်းအုပ်ကို ကျုံးထဲသို့ အတင်းလိုက်သွင်းကြသည်။ အသွားနှေးလျှင် မီးကွင်းတွေနှင့် နောက်ကနေ ပစ်ပေးရ၏။ မီးအိုးစနက်တံတွေကို

mgyoe.com

mgyoe.com


မီးညှိ၍ ဆင်၏အနီးသို့ ပစ်ပေးရသည်။ ဆင်ခြေထောက်နားတွင် မီးအိုးဒိုင်းခနဲပေါက်ကွဲလျှင် ဆင်များသည် ကြောက်ကြောက်လန့်လန့်နှင့် ရှေ့သို့သာ စွတ်ပြေးကြသည်။

ဆင်အုပ်ကို လိုက်လာကြသည်ဟုဆိုသော်လည်း ဆင်အကောင်ကို တစ်နေ့လုံးမမြင်ခဲ့ရဘဲ သွားသံ၊ လာသံကိုသာ နားထောင်လာရသော ကျွန်တော်တို့မှာ ယခုအခါ ဆင်အကောင်ကိုလည်း ထင်ထင်ရှားရှား မြင်နေရလေပြီ။ ဆင်အုပ်နှင့် လူတွေမှာ နီးနီးကပ်ကပ် ဖြစ်နေကြလေပြီ။ ဆင်လိုက်သမားအားလုံးသည် ရဲလောင်းအဝင်ဝမှ စုပြုဝင်လာကြ၏။ ဆင်အော်သံ၊ လူအော်သံ၊ မီးအိုး ပေါက်ကွဲသံတွေနှင့် ရိုးမတစ်ခုလုံးသည် ညံစီနေလေသည်။ မီးကွင်း ပစ်တင်ထားသော မီးရောင်နှင့် တစ်ယောက် တစ်လုံးကျစီ ကိုင်ဆောင်ယူလာကြသော ဆီမီးခွက်အရောင်တို့ကြောင့် ရဲလောင်းထဲတွင် ထိန်ထိန်လင်းနေ၏။

ထိန်ထိန်လင်းနေသော မီးရောင်ထဲတွင် ချွေးသံရွှဲရွှဲနှင့် ပြေးလိုက်လွှားလိုက်၊ ဆင်တွေကို အတင်းခြောက်လှန့်လိုက်၊ မီးအိုးပစ်ဖောက်လိုက်၊ ဆင်က ပြန်လှည့်၍ ရန်မူရန်လိုက်သဖြင့် တွဲလောင်းဆွဲချထားသော လှေကားမှ သစ်ပင်ပေါ်သို့ တက်ပြေးလိုက်၊ ပြန်ဆင်းလိုက်နှင့် လုံ့ရှည်တစ်ယောက် တစ်ချောင်းစီနှင့် ပြေးလွှားလှုပ်ရှားနေကြသော လူတွေမှာ ကမ္ဘာပျက်၍ ပြေးလွှားနေကြသည်နှင့်ပင် တူနေလေသည်။ ဤအချိန်တွင် တံခါးစောင့်နေကြသော ဦးဘခင်နှင့် ကိုညိုမောင်တို့မှာလည်း အသက်ရှူပင် ရပ်ကောင်း ရပ်နေကြပေလိမ့်မည်။

ထောင်ချောက်ဟု ဆင်များမရိပ်မိအောင် ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် တန်ဆာဆင်ထားသော ဆင်ကျုံးအဝင်ဝတွင် ဆင်ကရန်ရှာ၍ လူများသည် နောက်သို့ပြန်ဆုတ်လာလိုက်၊ ဆင်များကို မီးကွင်း မီးအိုးတွေနှင့် ပစ်ဖောက်၍ ရှေ့သို့ တိုးသွားလိုက်၊ ညာသံပေး ခြောက်လှန့်လိုက်နှင့်

mgyoe.com

mgyoe.com


ဆင်ကျုံးဝတွင် လူနှင့်ဆင်တို့ လိုက်တမ်း ပြေးတမ်း ကစားနေကြရာမှ ဆင်များသည် ကျုံးထဲသို့ တိုးဝှေ့စုပြုံ၍ ဝင်သွားကြလေသည်။

စက္ကန့်ပိုင်း အချိန်ကလေးအတွင်းမှာပင် ပေ ၅၀ ကျော်နီးပါးမြင့်သော ကျုံးအပေါ်ထက်မှ လေးလံသောတံခါးကြီးသည် ဝုန်းခနဲ မြည်ဟည်းသံနှင့်အတူ ပြုတ်ကျလာတော့သည်။ ကျုံးတံခါးကြီးနှင့် မြေပြင်ထိလိုက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို သိမ့်သိမ့်ခါ တုန်လှုပ်သွား၏။ ရိုးမတောတောင်အားလုံးသည် စောက်ထိုးမိုးမျှော် ကျွမ်းပြန်သွားကြပြီလားဟု ထင်လိုက်ရသည်။ မြင့်မားနက်ရှိုင်းသော တောင်ချိုင့်ကြားမှ ဝါးခနဲ ပဲ့တင်ထပ်သွားသောအသံမှာလည်း ရိုးမတစ်ခုလုံး ဆူညံသွားတော့သည်။ ထိုအသံများနှင့်အတူ ကျုံးအပေါ်ခြံမှ "အောင်ပြီ . . . အောင်ပြီ" ဟု အားရဝမ်းသာနှင့် တအားကုန်းအော်လိုက်ကြသော ဦးဘခင်နှင့် ကိုညိုမောင်တို့၏အသံကလည်း ဆင်အော်သံနှင့်အတူ ထပ်ဆင့်၍ ပေါ်လာကြပြန်သည်။

ဆင်ကျုံးအဝင်ဝရှေ့သို့ စုပြုံရောက်ရှိနေကြသော ကျွန်တော်တို့လူအုပ်မှ "အောင်ပြီ . . . အောင်ပြီ" ဟု သံပြိုင်အော်ဟစ်လိုက်ကြသောအသံတွေမှာ တောတောင်မြေပြင်လျှံ၍ မိုးယံဘဝဂ်သို့ပင် ပျံ့နှံ့၍တက်သွားလေတော့သည်။

× × ×

## (၃)

ကြောက်အားလန့်အားနှင့် အသံကုန်အော်ဟစ်လိုက်ကြသော ဆင်ဟည်းသံများသည် ရိုးမထဲကို ပဲ့တင်ထပ်သွား၏။ ဆင်များသည် လူသားတို့၏ အန္တရာယ်ထောင်ချောက်ထဲသို့ ကျရောက်နေကြပြီဆိုသည်ကို သိသဖြင့် ကျုံးတိုင်များကို တအားဆောင့်အောင်းနေကြသည်။

mgyoe.com

mgyoe.com

ကျုံးထဲမှ လွတ်မြောက်ထွက်ပြေးကြရန် လမ်းပေါက်ရှာနေကြသည်။ ဆင်အကြီး၊ အငယ်တို့၏ တအားကုန် ထိုးအောင်းနေမှုဒဏ်ကြောင့် ကျုံးတစ်ခုလုံးသည် သိမ့်သိမ့်ခါ တုန်လှုပ်နေသည်။ အနေ့နေ့ အလလကာ အချိန်ကုန်လူပင်ပန်းခံကာ အခိုင်အခံ့ ဆောက်လုပ်ထားသော ကျုံးကြီးမှာ တစ်ချက် တစ်ချက်တွင် ပြိုထွက်သွားမလားပင် ထင်ရသည်။

ကျုံး၌မိနေသော ဆင်အကြီး၊ အငယ်တို့၏ ကြောက်မက်ဖွယ် ရာ အော်ဟစ်သံ၊ ကျုံးတိုင်များကို ဦးကင်းနှင့် တဒုန်းဒုန်း တအုန်းအုန်း ထိုးအောင်းနေကြသံတို့ကို ကျွန်တော်တို့မှာ ကြောက်ရွံ့မနေနိုင်ကြပေ။ ကျွန်တော်တို့ မိုးနှောင်းကာလကပင် ဆင် မမိမချင်း နေလာခဲ့ကြသော စခန်းတဲသို့ပြေး၍ ဆင်ဖမ်းရန်ကြိုးများ၊ ဆင် (နှာမောင်းနှာအောင်) နှာမောင်းသေအောင်လုပ်ရန် သံချောင်း၊ သံတောင့်များနှင့် ညှပ်ရှည်များ၊ လှံရှည်၊ လှံတိုများ စသည့် လောလောဆယ် လိုနေသော ဆင်ဖမ်းတန်ဆာပလာများကို ပြေးယူသူကယူ၊ ထင်းချောင်း ထင်းတုံးများ ရှာသူက ရှာ၊ ဆင်မိထားသော ကျုံးဆောနားမြေပြင်တွင် မီးဖိုကြီးတစ်ဖိုကို ရေနံပုလင်းလိုက်သွန်ထည့်၍ အလျှင်အမြန် မီးမွှေးသူကမွှေး၊ သံချောင်း၊ သံတောင့်တွေကို မီးဖိုထဲသို့ထည့်ဖုတ်သူက ဖုတ်နှင့် အလုပ်ကိုယ်စီ ရှုပ်နေကြတော့သည်။

ဆင်ဖမ်းသော ဦးလေးတင်အောင်၊ ကိုရွှေကျော်၊ ချင်းအမျိုးသားကြီး နီထန်ဖူးနှင့် ကိုစံမြင့်တို့သည် ဦးဘခင်ရှိရာ ကျုံးပေါ်သို့တွယ်တက်သွားကြ၏။ ကျုံးထဲ၌ ဆင်ဘယ်နှစ်ကောင်မိနေသည်ကို မီးတုတ်ထွန်းပြီး အောက်ကလူတွေကြားအောင် အကြီးတစ်၊ အကြီးနှစ်၊ အကြီးသုံး၊ အကြီး လေး၊ အကြီးငါး စသည်ဖြင့် အော်ပြောကြသည်။

ဤသို့ အော်ပြောရခြင်းမှာ မတော်တဆ ကျုံးမခိုင်၍လည်းကောင်း၊ ဖမ်းမိထားသောဆင်များ အားသန်လွန်း၍လည်းကောင်း

mgyoe.com

mgyoe.com


ကျုံးတစ်နေရာရာက ပွင့်ထွက်သွားလျှင် အောက်၌ မီးဖို၊ ထင်းရှား၊ ကြိုးရှင်းနှင့် အလုပ်ရှုပ်နေကြသော လူများသည် ဆင်ရန်မှ ရှောင်နိုင် တိမ်းနိုင်အောင် အချက်ပေးထားခြင်းဖြစ်သည်။ ၎င်းပြင် လူကိုရန်မူ နိုင်သော ဆင်အကြီးဘယ်နှစ်ကောင်ပါသည်ကို သိမှလည်း ဆင်များကို ကြိုးကွင်းတုပ်ဖမ်းရန် အစီအစဉ်လုပ်နိုင်မည် မဟုတ်ပါလား။

"ကြိုးရှင်းထားကြဟေ့ . . . ကြိုးကွင်းချတော့မယ်"

ဆင်ကျုံးအပေါ်မှ ဦးဘခင်သည် အောက်၌ရှိသော လူအများအား ဆင်ဖမ်းကြိုးများ ရှင်းထားကြရန် အော်ပြောလိုက်သည်။

ကျွန်တော်တို့လူစုမှာ ပထမစခန်းချနေခဲ့ကြသော တဲမှ ပြေးယူ ထားကြသော ဖမ်းကွင်းလုပ်ပြီးသား ပီလောလျှော်ကြိုးတွေကို တစ်ခွေ ပြီးတစ်ခွေ၊ တစ်ပင်ပြီးတစ်ပင် အပေါ်သို့ပစ်တင်ပေးကြရသည်။ ဆင်များ မှာ ဆောက်တည်ရာမရ အော်ဟစ်ပြီး ကျုံးတိုင်နံရံများကိုသာ တအား ကုန်ထိုးအောင်းနေကြသည်။ ဆင်ဖမ်းသောကြိုးမှာ သာမန်ကြိုးအစား မဟုတ်ဘဲ ၄၈ ပေရှည်သော ပီလောလျှော်ကြိုးဖြစ်သည်။

ကျုံး၌မိနေသော တောဆင်ရိုင်းများ၏ ခြေ၊ လက်တို့ကို ကြိုးကွင်း စွပ်ဖမ်းမိရန်မှာ ဆင်ဖမ်းရာ၌ အလွယ်ကူဆုံးအလုပ်ဟု ဆိုချင်သည်။ ဆင်ဆိုသော တိရစ္ဆာန်သည် ခြေ၊ လက်၊ နှာမောင်းတို့ကို အလွန်အား ကိုးသောတိရစ္ဆာန်ဖြစ်၏။ ကြိုးကွင်းကို ဆင်ရှိရာသို့ ပစ်ချပေးလိုက်ရုံ နှင့် ဆင်တစ်ကောင်၏ ခြေ၊ လက်တို့ကို ကြိုးကွင်းစွပ်မိရန်မှာ ကျိန်းသေလှ၏။ အပေါ်ကလူတွေ ပစ်ချပေးလိုက်သော ကြိုးကွင်းသည် မြေပြင်သို့ မကျခင်မှာပင် ဆင်က နှာမောင်းနှင့်လှမ်းဆွဲ၍ သူ့ဘာသာ သူ မြေပြင်သို့ ချကာ ခြေ၊ လက်တို့နှင့် နင်းကြိတ်တော့၏။ ကြိုးကွင်း ကို မြေပြင်သို့ချ၍ ဆင်ကနင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဆင်၏ ခြေ၌လည်းကောင်း၊ လက်၌လည်းကောင်း ကြိုးကွင်းကား စွပ်ပြီးသား

mgyoe.com

 mgyoe.com


ဖြစ်သွားလေသည်။

"တစ်ကြိုးဆွဲဟေ့ . . . တစ်ကြိုးဆွဲ"

ကျွန်တော်တို့ ကျုံးအောက်ဘေးက လူများမှာ ကျုံးပေါ်ကလူများ၏အသံကိုသာ နားစွင့်နေကြရသည်။ ကျုံး၌မိနေသော ဆင်အကြီး၊ အငယ်တို့၏ အော်ဟစ်မာန်ဖီနေကြသံတို့က ပွက်လောရိုက်နေကြသဖြင့် အပေါ်ကလူများ၏အသံကို မနည်းကြိုးစား၍ နားထောင်ယူရသည်။ "တစ်ကြိုးဆွဲဟေ့၊ တစ်ကြိုးဆွဲ" ဟု အပေါ်က အော်ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ပထမဦးဆုံးပစ်ပေးထားသော ကြိုးကိုတင်းနေအောင် ဝိုင်းဆွဲကြရသည်။

"တော်ပြီ၊ နောက်တစ်ကြိုး" ဟုအပေါ်ကပြောသံကို မကြားမချင်းဆွဲထားကြရ၏။ "တော်ပြီ၊ နောက်တစ်ကြိုး"ဟု အော်ပြောသံကို ကြားရလျှင် ဆင်တစ်ကောင်၏ ခြေတစ်ဖက်သော်လည်းကောင်း၊ လက်တစ်ဖက် သော်လည်းကောင်း မိနေလေပြီ ဆိုသည်ကို အတတ်သိရလေသည်။ ထိုကြိုးစများကို သစ်ပင်ကြီးတစ်ပင်ပင်၏ ပင်စည်တွင် ခိုင်မြဲအောင် သုံးလေးပတ် ရစ်ချည်ထားရ၏။

ဤသို့နှင့်ပင် တစ်ကြိုး၊ နှစ်ကြိုး၊ သုံးလေးကြိုး စသည်ဖြင့် တစ်ကြိုးပြီးတစ်ကြိုးပစ်၍ ဆင်ရိုင်းများကို တုပ်နှောင်မိအောင် ဖမ်းရသည်မှာ စင်စစ်တော့ လွယ်ကူသောအလုပ်မဟုတ်ချေ။ ပြာသိုလကြီး ရိုးမထဲ၌ အရိုးကွဲမတတ် ချမ်းအေးချိန်မှာပင် လူတွေမှာ ချွေးပြန်နေကြ၏။ ဆင်တစ်ကောင်လျှင် အကြီး၊ အငယ် အရွယ်အစားအလိုက် ပီလောလျှော်ကြိုးဆယ့်ငါးပင်မှ အပင်နှစ်ဆယ်ကျော်အထိ တုပ်နှောင်ယူရ၏။

ကြိုးကွင်းပစ်ရာတွင် ဆင်ရိုင်းများ၏အကဲကို အတွေ့အကြုံအရသိဖို့လိုသေးသည်။ ကျုံး၌နေသော ဆင်ရိုင်းများထဲတွင် ဘယ်ဆင်က အကြီးအကဲဦးစီးဖြစ်ပြီး ဘယ်ဆင်က သားထိန်းဆင် ဆိုသည်ကိုသိပြီး

mgyoe.com

mgyoe.com

မှ ကြိုးကွင်းပစ်ဖမ်းရာ၌ လွယ်ကူသည်။ ဦးစီးဆင်နှင့် သားထိန်းဆင်တို့ကို ပထမဦးဆုံး ကြိုးကွင်းပစ် တုပ်နှောင်ထားရ၏။ ထိုသို့မဟုတ်ဘဲ နောက်လိုက်တစ်ကောင်ကောင်ကို ကြိုးကွင်းပစ်ထားမိလျှင် ဦးစီးဆင်နှင့် သားထိန်းဆင်တို့က ထိုကြိုးကွင်းကို နှာမောင်းနှင့်အတင်းဆွဲ၍ နင်းကြိတ်ဖြတ်တောက်ပစ်ရန် ကြိုးစားကြသည်။ သူတို့တွင်တာဝန်ရှိ၏။ ဆင်အုပ်ထဲတွင် သူတို့ကွပ်ကဲအုပ်ချုပ်လာကြသော ဆင်ငယ်များ တစ်စုံတစ်ခုဖြစ်သွားလျှင် ဦးစီးဆင်နှင့် သားထိန်းဆင်တို့တွင် တာဝန်မကင်းပေ။

ဆင်အုပ်ထဲတွင် ဦးစီးဆင်နှင့် သားထိန်းဆင်တို့ကို လူတွေက ကြိုးကွင်းပစ်ဖမ်းထားပြီဆိုလျှင်ကျန်သောဆင်များမှာ အလိုလိုစိတ်ဓာတ်ကျသွားကြလေသည်။ ထို့ကြောင့် ကျုံး၌မိထားသော ဆင်အုပ်ထဲတွင် ဦးစီးနှင့် သားထိန်းဆင်နှစ်ကောင်ကို အဦးဆုံးကြိုးကွင်းပစ်ထောင်ဖမ်းထားရခြင်း ဖြစ်သည်။ ဦးစီးဆင်နှင့် သားထိန်းဆင်တို့မှာ တောထဲ၌ ဆင်အုပ်ကို ကွပ်ကဲချီလာရာတွင် ဦးစီးဆင်က ရှေ့ဆုံးကချီလာ၍ သားထိန်းဆင်က နောက်ဆုံးက လိုက်ပါလာတတ်သည်။ နောက်က အန္တရာယ်ကို သားထိန်းဆင်က ကာကွယ်သလို ရှေ့ကအန္တရာယ်ကို ဦးစီးဆင်က ကာကွယ်ရလေသည်။

ဆင်ရိုင်းများကို ခြေကြိုး၊ လက်ကြိုး တုပ်နှောင်ပြီးသောအခါ ဘေးကြိုး၊ ကိုယ်လုံးကြိုး၊ လည်ပင်းကြိုးစသည်တို့ တုပ်နှောင်ကြရပြန်သည်။ လည်ပင်းကြိုးနှင့် ကိုယ်လုံးကြိုးတို့ သွင်းမိရန်မှာ အလွန်ခက်ခဲ၏။ ခြေကြိုး၊ လက်ကြိုးလို မလွယ်ကူပေ။ သိုင်းကြိုးတစ်ပင် ဆင်လည်ပင်းကို စွပ်မိသွားရန်မှာ အတော်ပင်ဝိုင်းဝန်း၍ ကြိုးစားကြရ၏။ ဆင်၏နှာမောင်းသည် အလွန်ဖျတ်လတ်လျင်မြန်သဖြင့် လည်ပင်းကြိုးသွင်းရန်လုပ်တိုင်း နှာမောင်းနှင့် အမြဲပုတ်ခတ်ချခြင်း၊ ဖမ်းဆွဲခြင်းလုပ်တတ်သည်။ လည်ပင်းသို့ကြိုးကွင်းမဝင်အောင် အမြဲကာကွယ်နေတတ်သည်။ ထို့ကြောင့်

mgyoe.com

mgyoe.com

လည်ပင်းကြိုးနှင့် ကိုယ်လုံးကြိုးတို့ကို နှာမောင်းသေပြီးမှ သွင်းရသည်။ နှာမောင်းသေသည် ဆိုသည်မှာ အပေါ်ကပစ်ချလိုက်သောကြိုးကွင်းများကို ဆင်သည် နှာမောင်းနှင့်လှမ်းမဆွဲရဲအောင် လုပ်ခြင်းကိုဆိုသည်။

ည ၂ နာရီကျော်ကပင် ကျုံး၌မိနေသော ဆင်များကို တစ်ကောင်မကျန် ခြေကြိုး၊ လက်ကြိုးတွေ တုပ်နှောင်မိအောင် လူတစ်ဆယ်ကျော် ဝိုင်းဝန်း၍ လုပ်ကိုင်ရသည်မှာ မိုးလင်းလုနီးပါးအချိန်သို့ ရောက်သွားသည်။ အရှေ့ရိုးမကမ်းပါးယံဘက်မှ လင်းကြက်များ၏ တွန်ကျူးသံကို ဆင်အော်သံအစဲ၌ ခပ်သဲ့သဲ့ကြားလာရသည်။ လမိုက်ညဖြစ်သဖြင့် ဆင်များကို ကြိုးကွင်းပစ်တုပ်နှောင်ရသည်မှာ ပို၍ခက်ခဲသည်။ ဆင်တစ်ကောင်၏ ခြေလက်တို့ကို ကြိုးကွင်း ဝင် မဝင်၊ ကြိုး တင်း မတင်း စသည်တို့ကို မီးတုတ်ကြီးတွေညှိထွန်း၍ အကြာကြီး စစ်ဆေးကြည့်ရှုရသည်။ အသက်နှင့်ရင်းနှီးပြီး လုပ်ကိုင်ရသောအလုပ်မို့ ပို၍ သေချာရသည်။ ကျိန်းသေဖြစ်ရသည်။

မသေမချာလုပ်လျှင် အနှစ်နှစ် အလလက ရှာဖွေကျွေးမွေး၍ စောင့်ရှောက်သမှုပြုလာသော မိမိကိုယ်ခန္ဓာနှင့် အသက်တို့ကို ငွေကုန်ကြေးကျခံပြီး ရိုးမထဲသို့ တမင်တကာလာကာ ဆင်နင်းအသေခံရာ ကျပေမည်။ ထို့ကြောင့် ဆင်ရိုင်းဖမ်းသောအလုပ်သည် သေချာပိရိရသည်။ ကျိန်းသေတိကျရသည်။ ပါးနပ်လိမ္မာရသည်။ လျင်မြန်ဖျတ်လတ်မှုရှိရသည်။ အရိုင်းကောင်များနှင့် တောတောင်၏အခြေအနေကိုလည်း သိရလေသည်။ ဤသည်ကား အသက်စွန့်၍ လုပ်ကိုင်ရသော ကျွန်တော်တို့ ဆင်ဖမ်းသမားအလုပ်တည်း။

ကျွန်တော်တို့ဖမ်းမိထားသော ဆင်ရိုင်းများကို ကျုံးထဲ၌ တစ်ရက်နှစ်ရက် အချိန်ကြာညောင်းအောင် ရက်ဆွဲ၍ ကျုံးထဲ၌ မထားချင်ကြပေ။ ထို့ကြောင့် လေလောလတ်လတ် ကျုံးက ထုတ်နိုင်အောင်

mgyoe.com

mgyoe.com


ကြိုးစားကြရသည်။ ယခင် ဗြိတိသျှခေတ်က ဆင်ဖမ်းသမားများသည် ဆင်ရိုင်းများကို ကျုံးထဲ၌ အစာရေစာ လုံးဝမကျွေးဘဲ လေးငါးရက်ပင် ဒဏ်ခတ် ထားတတ်ကြသည်ဟု ကြားဖူးသည်။ မာန်ကြီးသလောက် အားခွန်ဗလကြီးသော ဆင်ရိုင်းများကို ကျုံးထဲ၌ အစာရေစာ လုံးဝ မကျွေးဘဲ လေးငါးရက် ဒဏ်ခတ်ထားသောအခါ ဆင်ရိုင်းများမှာ ပို၍ မာန်ကြီးလာသည်။ အစာရေစာ ငတ်လာလေ၊ ဒေါသထွက်လာလေ ဖြစ်လေရာ ကျုံးတိုင်ကို အကြိမ်ပေါင်းများစွာ ထိုးအောင်း၍ လွတ် မြောက်ရန် ထွက်ပေါက်ရှာလာကြသည်။

ဦးကင်းနှင့်အောင်း၊ အစွယ်နှင့်ထိုး ပြုလုပ်ရုံတင်မက ကြီးမားသော သူတို့၏ကိုယ်လုံးကြီးတွေနှင့် ပစ်တိုက်လာကြသည်။ ကျုံးကလည်း ခိုင်ခံ့လွန်းသဖြင့် ထွက်ပေါက်ရှာမရသောအခါ ရှိသမျှအင်အားကို ညှစ်ထုတ်၍ ကျုံးတိုင်များကို အကြိမ်ပေါင်းများစွာ ဆောင့်အောင်း လာကြသည်။ ထိုအခါ အထဲက ဦးကင်းသားတွေ အတွင်းကြေကြေမွ ဒဏ်ရာရပြီး ခြေကုန်လက်ပန်းကျကာ ကျုံးထဲမှာပင် ဗုန်းဗုန်းလဲသေ သော ဆင်များလည်း ရှိခဲ့ဖူးသည်။ တချို့ဆင်များမှာလည်း ကျုံးက ထုတ်၍ အပြင်သို့ရောက်သောအခါ အားအင်ကုန်ခန်း၍ ကျုံးအပြင် ဘက်၌ပင် လဲကျသေဆုံးသွားသည်လည်း ရှိခဲ့ဖူးလေသည်။

လူများဖမ်းမိထားသော တောဆင်ရိုင်းအုပ်ထဲတွင် ဟိုင်းဆင် အုပ်ချုပ်သောဆင်အုပ်ဆိုလျှင် သိပ်အရေးမကြီးလှသော်လည်း စွယ်စုံ အုပ်ချုပ်သောဆင်အုပ်ကို ဖမ်းမိ၍ အစာငတ်ရေငတ် ကျုံးထဲ၌လေးငါး ရက် ဒဏ်ခတ်ထားမိပြီဆိုလျှင်တော့ ကျုံးထဲတွင် အလွန်ကြောက်မက် ဖွယ်ကောင်းသော အန္တရာယ်နှင့် ဆုံးရှုံးမှုတို့သည် အလိုလိုကျရောက် လာ၏။ စွယ်စုံဆင်များသည် နာလာ၍ ဒေါသထွက်လာပြီဆိုလျှင် မိမိအုပ်ချုပ်ရသော ဆင်ငယ်၊ ဆင်မများကိုလည်း ညှာတာထောက်

mgyoe.com

mgyoe.com

ထားခြင်းအလျှင်း မရှိတော့ပေ။ အစာငတ်၊ ရေငတ် ဖြစ်နေရုံမက ကျုံးတိုင်နှင့် ဆောင့်အောင်းထားသော ဒဏ်ရာဒဏ်ချက်တွေကလည်း နာကျင်ကိုက်ခဲလာသောအခါ စွယ်စုံဆင်သည် ဆင်မကြီးများနှင့် ဆင်ငယ်လေးများတို့ကို ကျုံးထဲ၌ ထိုးသတ်တော့သည်။ ဆင်ငယ်ကလေးများကို ထိုးသတ်လျှင် ဆင်မကြီးများကလည်း ရင်သွေးကိုထိခိုက်လာသည်မို့ ဦးစီးစွယ်စုံ ဆင်ပြောင်ဟု ကြောက်ရွံ့မနေနိုင်တော့ဘဲ စွယ်စုံဆင်ဦးစီးကို ဆင်မကြီးများက ဝိုင်း၍ တိုက်ခိုက်ကြတော့သည်။

အကယ်၍ စွယ်စုံဦးစီးဆင်ထက် ခွန်အားဗလကြီးမားသော ဟိုင်းဆင်မများသာ ဖြစ်ချေက သူ၏သားသမီးများကို လိုက်၍ထိုးသတ်နေသော ဦးစီးစွယ်စုံဆင်၏အစွယ်ကို သူမ၏သန်မာသော နှာမောင်းနှင့်လိမ်ချိုး၍ သေရွာသို့ပင် ပို့လိုက်တတ်လေသည်။ ထိုအခါ ကျုံးထဲ၌ အုပ်စုကွဲ၍ တစ်ကောင်နှင့်တစ်ကောင်၊ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ထိုးသတ်ကြတော့၏။ ဟိုစဉ်ကပင် အာခံချင်နေသော၊ ဆင်အုပ်ထဲတွင် ဗိုလ်လုပ်ချင်နေသော ဗိုလ်လုဘက် ဆင်ပေါက်စွယ်ပြောင်၊ ဟိုင်းကောင်များနှင့် သားထိန်းဆင်တို့ကလည်း တစ်ကောင်နှင့်တစ်ကောင် ကျုံးထဲ၌ တိုက်ခိုက်ကြတော့၏။ ဤကဲ့သို့ ကျုံးထဲတွင် အန္တရာယ်ဗိုလ်လုပွဲကြီး ဖြစ်လျှင် မသေ၍ကျန်ရစ်သော ဆင်များကိုလည်း လူအသုံးချ၍ လုံးဝ မရတော့ပေ။ အထဲကအသားတွေ ကြေညက်၍ ထိခိုက်မိသော ဒဏ်ရာဒဏ်ချက်တွေနှင့် ကျုံးအပြင်သို့ရောက်၍ တစ်ပတ်လောက်အကြာ၌ပင် အစာရေစာများကို လုံးဝမစားနိုင်တော့ဘဲ သေသွားကြလေတော့သည်။

အကယ်၍ ငါးပေ၊ ခြောက်ပေ ဆင်ကြီးတစ်ကောင် သေသွားလျှင် ထိုဆင်အလောင်းကောင်ကို မြေမြှုပ်ရန်မလွယ်ကူချေ။ ဆင်သေအလောင်းကောင်တစ်ကောင်ကို လူသုံးလေးဆယ် ဝိုင်းဆွဲကြသော်လည်း နေရာရွှေ့ချင်မှရွှေ့မည်။ ဆင်သေတစ်ကောင်ကို မြေမြှုပ်ရန်

mgyoe.com

mgyoe.com


ကျင်းတူးမည်ဆိုကလည်း မြေမာသောရိုးမထဲတွင် လူနှစ်ဆယ် သုံးဆယ် တစ်ရက်၊ နှစ်ရက်တူးကြရမည် ဖြစ်လေသည်။ မြေမမြုပ်ဘဲ သည်အတိုင်း ပစ်ထားပါကလည်း အနီးအနားတစ်ဝိုက်တွင် ပုပ်ဟောင်နံစော်၍ လူအများမှာ မကောင်းသောအနံ့အသက်တွေကြောင့် ရောဂါပင်ဖြစ်နိုင် လေတော့သည်။

ထို့ကြောင့် ကျုံးထဲ၌ ဆင်အုပ်နှစ်ခုကွဲသွား၍ တိုက်ခိုက်သတ်ဖြတ် နေကြပြီဆိုလျှင်တော့ ဆင်ဖမ်းသမားများသည် ဆင်ကျုံးကိုပို၍ခိုင်ခိုင် ခံ့ခံ့ပြုပြင်မွမ်းမံထားခဲ့ပြီး မိမိတို့၏ရွာဌာနီသို့ ပြန်ရုံသာရှိတော့သည်။ နောက်ခြောက်လ၊ တစ်နှစ်ကြာသောအခါမှ ဆင်စွယ်၊ ဆင်ရိုးများကို ကျုံးထဲ၌ လာ၍ကောက်ယူနိုင်ကြသည်။ ယခင်အင်္ဂလိပ်ခေတ်က ထိုကဲ့သို့ ကျုံးထဲ၌ဖမ်းမိသောဆင်များ အုပ်လိုက်သေကျေပျက်စီး ပြုန်းတီးသွား ကြ၍ နောက်ခြောက်လ၊ တစ်နှစ် စသည်တို့ကြာမှ ဆင်စွယ်၊ ဆင်ရိုးများ လာကောက်ယူရသော ဆင်ဖမ်းပွဲများလည်း ရှိခဲ့ဖူးသည်ဟု ကျွန်တော့် ဦးလေးကပြောပြ၍ သိရသည်။

ထိုကဲ့သို့ဖြစ်ရသော ဆင်ဖမ်းပွဲကို ဆင်ဖမ်းသမားများက 'အရိုး ကောက်ပွဲ' ဟု ဆိုကြ၏။ ထို့ကြောင့်လည်း ယခု ကျွန်တော်တို့ဖမ်းမိ ထားသောဆင်များကို ကျုံးထဲ၌ ရက်ကြာကြာမထားချင်ကြဘဲ ကျုံးမှ စောစောထုတ်နိုင်ရန် ကြိုးစားရခြင်း ဖြစ်လေသည်။

× × ×

အရှေ့ဘက်ကောင်းကင်ပြင်တွင် မရမ်းနုရောင် သမ်းလာသော နေရောင်ခြည်မျှင်များကို မြင်နေရပြီဖြစ်သည်။ အရဏ်ကျင်း၍အလင်း ရောက်ရန် အချက်ပေးတွန်ကျူးလာကြသော တောကြက်တညင်တို့၏ တွန်သံသာသာကိုလည်း အရပ်လေးမျက်နှာက ကြားလာရပြီ။ ရိုးမ

mgyoe.com

mgyoe.com


တောတောင်ထဲတွင်ဖြစ်သဖြင့် ကြက်တွန်သံကိုသာ ဗဟိုရ်စည်ပြုနေကြရသော ကျွန်တော်တို့ ဆင်ဖမ်းသမားတွေအတွက် ဆင်နှာမောင်းသေအောင်လုပ်ရန်က ကျန်နေသေး၏။ ဆင်နှာမောင်းသေပြီးမှ ဆင်များကိုကျုံးက ထုတ်နိုင်မည်မဟုတ်ပါလား။

"မိုးလင်းရင် ကျုံးထုတ်နိုင်အောင် လုပ်ကြမှပေါ့ . . . နို့စို့ဆင်ငယ်တွေပါနေလို့ နာသွားမှာစိုးရတယ်" ဦးဘခင်က ဤမျှပြောလိုက်ရုံနှင့်ကျွန်တော်တို့ကလည်း သဘောပေါက်ပြီးသား ဖြစ်ကြသည်။ ကျုံးထဲတွင် ဖမ်းမိထားသော တောဆင်ရိုင်းကြီးတွေမှာ ဆောက်တည်ရာမရလောက်အောင် ရုန်းကန်လှုပ်ရှား၍ ထွက်ပေါက်ကိုရှာနေကြသဖြင့် ဆင်ငယ်လေးတွေကို ဖိမိ ညှပ်မိ၍ နာသွားမှာစိုးရသည်။ ကြိုးကွင်းတုပ်ဖမ်းထားပြီးဖြစ်သော်လည်း ဆင်ကြီးတွေက ကိုယ်လုံးနှင့်တိုက်၍ရုန်းကန်နိုင်စွမ်းရှိသေးသည်။ ထို့ကြောင့် လုံ့ရှည်တစ်ယောက်တစ်ချောင်းကိုဆွဲကာ ကျွန်တော်တို့ သုံးလေးယောက် ဦးဘခင်ရှိရာ ကျုံးအပေါ်သို့ တက်လိုက်ကြသည်။ အောက်၌ ကျန်ရစ်ကြသူများကတော့တောဆင် ရိုင်းများ မိစကပင် မွေးထား၍ အရှိန်ရနေသော မီးဖိုကြီးထဲတွင် သံချောင်း သံတောင့်တွေကို နီရဲလာအောင် မီးဖုတ်နေကြလေသည်။

ကျုံးထဲတွင် ညှပ်ပူးညှပ်ပိတ်မိနေသော ဆင်များမှာ အပေါ်ကလူတွေကိုမြင်ရသောအခါ တကျီကျီမြည်၍ ကြောက်မက်ဖွယ်ရာ မာန်ဝင်လာကြသည်။ လူတွေကိုရန်မူရန် အပေါ်သို့ လှမ်းလာသော ဆင်နှာမောင်းတွေကို အပေါ်ကလုံ့နှင့်ဆီးထိုးရသော ကျွန်တော်တို့လူငယ်တွေမှာ အတွေ့အကြုံမရှိသဖြင့် လက်တွေက တုန်ယင်နေကြ၏။ တစ်ချက် ချက်တွင် အပေါ်သို့လှမ်းလာသော ဆင်နှာမောင်းကိုမထိဘဲ ဦးကင်း၊ နားရွက်စသည်တို့ကို ရှပ်ထိသွားသည်လည်းရှိသည်။ လူတွေ

mgyoe.com

mgyoe.com


ကိုရန်မူရန် အပေါ်သို့ လှမ်းလာသော ဆင်နှာမောင်းဖျားကို လှံသွား ချွန်မြမြက ထိသွားလျှင်တော့ ကျီခနဲအော်မြည်၍ နှာမောင်းကို ရုပ်သွား တတ်ကြသည်။

ဆင်ကျုံးဘေးနားအောက်တွင် သံချောင်း၊ သံတောင့်တွေကို မီးဖုတ်နေကြသူများသည် သံတောင့်၊ သံချောင်းတွေကို ပြုတ်မကျအောင် ခွေလိမ်ဖြင့် ဆင်ကျုံးအပေါ်ကလူတွေကို လှမ်းပေးကြသည်။ ကျွန်တော် တို့က နှာမောင်းတယမ်းယမ်းနှင့် အပေါ်ကလူတွေကို လှမ်းဆွဲ၊ ပုတ်ချ ရန် မာန်ဖီလာကြသော ဆင်နှာမောင်းများကို နီရဲနေသော မီးဖုတ် သံတောင့် သံချောင်းတွေနှင့် ယမ်းပြရသည်။ တောဆင်ရိုင်းများသည် ကျွန်တော်တို့ယမ်းပြသော နီရဲနေသည့် သံတောင့်၊ သံချောင်းတွေကို နှာမောင်းနှင့် အတွင်းမှလှမ်းဆွဲကြ၏။ မီးပူလောင်တော့မှ ဆောက် တည်ရာမရအောင် အော်ဟစ်၍ နှာမောင်းကို ရုပ်သွားတတ်ကြသည်။

အပေါ်ကလူတွေကိုရန်မူရန် လှမ်းလာကြသော ဆင်နှာမောင်းများ ကို ဤကဲ့သို့ လှံသွားချွန်မြမြနှင့်ထိုး၍ သံချောင်း၊ သံတောင့် မီးပူတွေ နှင့် ဆီးဟပ် လုပ်ဖန်များသောအခါ ဆင်တွေမှာ ကြောက်ရွံ့လာကြ သည်။ လူတွေကိုရန်မူရန် နှာမောင်းနှင့်လှမ်းဆွဲပုတ်ချခြင်း မပြုရဲကြ တော့ပေ။ လက်နှင့်ယမ်းပြသည်ကိုပင် လှံနှင့် မီးဖုတ်သံချောင်း၊ သံ တောင့်တွေထင်၍ နှာမောင်းနှင့် လှမ်းမဆွဲရဲကြတော့ပေ။ နှာမောင်း တွေမှာ ဒဏ်ရာရသွားကြပြီဖြစ်သဖြင့် ဆင်များသည် စိတ်လျှော့သွား ကြသည်။ ဤအရာဝတ္ထုများကိုလှမ်းဆွဲလျှင် ဤသို့ ပူလောင်ထိရှတတ် သည်ဟု မှတ်သွားကြပြီဖြစ်သည်။ လူတွေကိုလည်း တော်တော် ကြောက်ရွံ့သွားကြပုံတည်း။

တဖြည်းဖြည်းနှင့် အချိန်ကုန်မှန်းမသိကုန်ကာ မိုးလင်းလာသည်။ ဆင်ကျုံးပတ်ဝန်းကျင်သည် လင်းလင်းထင်းထင်းရှိလာပြီ ဖြစ်သဖြင့်

mgyoe.com

mgyoe.com


ဖမ်းမိထားသော ဆင်များကို လည်ပင်းကြိုး၊ ကိုယ်လုံးကြိုးစွပ်ပြီး၍ ကျုံးမှထုတ်ရန် ကြိုးစားကြရပြန်သည်။ ဆင်ကျုံးမှာ အဝင်ဝက ကျယ်သော်လည်း အဆုံးတစ်ဖက်များသည် ကျဉ်းကျဉ်းလေးဖြစ်သည်။ ထို့ကြောင့် ရှေ့ဆုံးတွင်မိနေသောဆင်ကို ပထမဦးဆုံး ကျုံးတံခါးမှ အပြင်သို့ ထုတ်ကြရသည်။ ထိုဆင်ကား ဦးစီးခေါင်းဆောင် ဆင်တည်း။

ကျွန်တော်တို့ ကျုံးပေါ်ကလူတစ်ဝက်သည် ကျုံးအောက်မြေပြင်သို့ ပြန်ဆင်းကြရပြန်၏။ လေးဘက်လေးတန် တုပ်နှောင်ထားသော ခြေကြိုး၊ လက်ကြိုးများကို တဖြည်းဖြည်း ဖြေလျှော့ပေး၍ ဦးစီးဆင်ကို ကျုံးတံခါးက ထုတ်ယူရသည်။ လည်ပင်းကြိုး၊ ကိုယ်လုံးကြိုး၊ ဘေးသိုင်းကြိုးများမှာ ကျုံးတိုင်နှင့်အပေါ်တန်းများတွင် ချည်ထားသဖြင့် အပေါ်ကလူများသည်လည်း ကျွန်တော်တို့နည်းတူ တဖြည်းဖြည်းလျှော့ပေးကြရသည်။ တစ်လှမ်းချင်းလှမ်း၍ ကျုံးတံခါးမှထွက်သွားသော ဆင်ကို သင့်တော်သောညှပ်တွင် သွင်းထားရ၏။ ညှပ်သွင်းခံရသော ဆင်မှာ ကျုံး၌နေခဲ့ရစဉ်ကလောက်ပင် လွတ်လပ်ခြင်းမရှိတော့။ ကျုံးထဲမှဆင်အုပ်နှင့်ခွဲ၍မထွက်ချင်သဖြင့် ယောက်ယက်ခတ်နေသော ဆင်ရိုင်း၏ ခြေလက်တို့ကို ဘေးကလူနှစ်ယောက်၊ သုံးယောက်သည် လှံနှင့်တတိတိ ထိုး၍ တစ်လှမ်းချင်းလှမ်းထွက်စေကာ ကျုံးတံခါးမှ ထုတ်ယူရသည်။

ပထမ ဦးစီးဆင်ကို ထုတ်ယူသွားသော ကျုံးတံခါးပေါက်ကို မြင်လျှင် ခြေကြိုး၊ လက်ကြိုးတုပ်နှောင်ထားသော ကျန်ဆင်များသည် ရုတ်တရက် ကြိုးပြတ်အောင်ရုန်းကန်၍ ထိုအပေါက်မှ ထွက်ပြေးရန် ကြိုးစားလာကြသည်။ ထို့ကြောင့် ပထမဦးစီးဆင်ထုတ်သွားသော တံခါးပေါက်ကို တန်းထိုး၍ အလျင်အမြန်ပြန်ပိတ်ထားရသည်။ ဦးစီးဆင်ကို အပြင်၌ ညှပ်သွင်းပြီးတော့မှ ကျန်ဆင်များကိုကျုံးထဲမှ တစ်

mgyoe.com

mgyoe.com


ကောင်ပြီး တစ်ကောင်ထုတ်၍ ညှပ်သွင်းကြရလေသည်။ အငယ်ဆုံး နို့စို့ဆင်ပေါက်စနလေး နှစ်ကောင်ကိုတော့ ညှပ်သွင်းထားသော သူတို့၏ မိခင်အနားတွင် ပီလောလျှော်ကြိုးတွေနှင့် ချည်ထားရလေသည်။ ကျွန်တော်တို့ ဖမ်းမိထားသော တောဆင်ရိုင်းများမှာ အားလုံးကိုးကောင် ဖြစ်သည်။ ဆင်အကြီးငါးကောင်နှင့် နို့စို့အကြီး၊ အငယ် လေးကောင် ဖြစ်သည်။

ဟိုင်းဆင်ပေါက် သားထိန်းတစ်ကောင်ကလွဲလျှင် ကျန်အကြီး လေးကောင်မှာ ဆင်မများသာဖြစ်သဖြင့် ကျုံးထုတ်ရာ၌လည်းကောင်း၊ ညှပ်သွင်းရာ၌လည်းကောင်း အန္တရာယ်တော့ သိပ်မများလှပေ။ ဤ ဆင်အုပ်ကို ဦးစီးသော ခေါင်းဆောင်ဆင်ကလည်း ဟိုင်းဆင်မကြီး ဖြစ်နေသဖြင့် ကျုံးထုတ်ရာတွင် ကြားဖူး၊ မှတ်ဖူးသလောက် ပြောရ လျှင် အသက်သာဆုံးဟု ဆိုနိုင်သည်။ တချို့ဆင်ဖမ်းအဖွဲ့များ ကျုံးထုတ် ရာ၌ ကြိုးဖြတ်၍ အတင်းထွက်ပြေးသွားသော ဆင်များလည်းရှိသည်။ ကျုံး၌ ဖမ်းမိထားသော တောဆင်ရိုင်းတစ်ကောင်သည် ကျုံးထုတ်ရာ၌ ကြိုးပြတ်၍ လွတ်ထွက်ပြေးသွားပြီဆိုလျှင် ကျန်နေရစ်သော ဆင်များ ကို ထိန်းသိမ်းထားရသည်မှာ ပြောသံကြားဖူးရုံနှင့် ဆင်ဖမ်းလိုက်လို စိတ်ပင် ကုန်သွားမိသည်။

တစ်ခါတစ်ရံ လူများကိုနင်းသတ်ပြီးမှ ထွက်ပြေးသွားသော ဟိုင်း ဆင်ရိုင်းများလည်း ရှိသည်။ ဟိုင်းဆင်များသည် အလွန်အားသန်သဖြင့် ကျုံးထုတ်ရာ၌ အထူးဂရုစိုက်ကြရသည်။ ယခုကျွန်တော်တို့ကျုံးထဲတွင် မိနေသော ဟိုင်းဆင်ပေါက်တစ်ကောင်ကို ကျုံးထုတ်ရာ၌ပင် ပီလော လျှော်ကြိုးနှစ်ပင် ပြတ်သွား၏။ ကျွန်တော်တို့လူငယ်တွေမှာ ရုတ်တရက် အတော်ပင် အထိတ်တလန့် ဖြစ်သွားကြသည်။ ပြတ်သွားသောကြိုး နှစ်ပင်ကလည်း အရေးကြီးသော ညာခြေကြိုးနှင့် ရင်သိုင်းကြိုးတို့ဖြစ်

mgyoe.com

mgyoe.com


သဖြင့် ပို၍ရင်ထိတ်သွားကြသည်။ ပြတ်သွားသောကြိုးနေရာကလည်း ဆင်နှင့် တစ်လံကျော်မျှသာ ကွာဝေးသဖြင့် ပို၍ရင်ခုန်စရာပင်။ ကြိုးလာဆက်သောလူကို တောဆင်ရိုင်းသည် နှာမောင်းနှင့် လှမ်းဆွဲယူသွားပါက ထိုသူ၏အသက်အန္တရာယ်ကို မည်သူကမျှ ကယ်နိုင်ကြမည်မဟုတ်ချေ။ သို့သော် ရဲရင့်၍ ဆင်ပါး၀နေသော ချင်းအမျိုးသားကြီးနီနှင့် လျင်မြန်ဖျတ်လတ်သော ဦးဘခင်တို့၏ စွမ်းရည်ကြောင့် ပြတ်သွားသော ကြိုးနှစ်ပင်ကို ဘေးမသီရန်မခ ဆက်မိသွားကြလေသည်။ ညာခြေဘက် လိုက်ကြိုးတစ်ပင်ကိုလည်း ဦးလေးတင်အောင်က ပစ်သွင်းနိုင်ခဲ့သည်။ ဤဟိုင်းဆင်ပေါက်မှာ သားထိန်းဆင်ဖြစ်သဖြင့် ပို၍ ခက်ထန်ကြမ်းတမ်းခြင်းဖြစ်သည်။

ဆင်ဖမ်းရာတွင် သံကြိုးကို များစွာအသုံးမပြုရပေ။ အကယ်၍ ဆင်ရိုင်းများကို သံကြိုးနှင့်ချည်မိ၊ တုပ်မိ၊ အသုံးပြုမိလျှင် ထိုဆင်သည် လုံး၀သုံးမရအောင် အနာတရ ဖြစ်သွားချင်ဖြစ်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အားခွန်ဗလနှင့် မာန်မာနကြီးသော ဆင်ရိုင်းများသည် စိတ်တို၍ ဒေါသထွက်လာသောအခါ လွန်စွာပင်ခက်ထန်ကြမ်းတမ်းတတ်၏။ ထိုအခါ မာကျောသောသံကြိုးနှင့် ချည်နှောင်ထားသော ဆင်၏ ခြေလက်တို့ကို ရှ၀င်နစ်မြုပ်၍ အနာတရဖြစ်သွားတတ်သည်။ သုံးလေးရက်မှ တစ်ပတ်ကြာသည်အထိ ဆင်၏ခြေလက်ထဲတွင် သံကြိုးက ရှ၀င်နစ်မြုပ်နေလျှင် ထိုနေရာ၌ အနာဖြစ်လာတတ်သည်။ ဆင်မှာလည်း သံဆိပ်တက်၍ တုန်ချည့်လာတော့သည်။

ကျုံးအပြင်သို့ရောက်၍ ထိုသံကြိုးရှရာများကို ဆေးကုသရာ၌လည်း သံဆိပ်ကြောင့် အခက်အခဲတွေ့ရ၏။ တချို့ဆင်များဆိုလျှင် အသားကြေရုံတင်မက အသားထဲတွင် ရှ၀င်နစ်မြုပ်နေသော သံကြိုးသည် အရိုးကိုပါထိ၍ ဆင်ကလည်း အရိုးနာသွားသည်ထိ ရုန်းကန်နေတတ်

mgyoe.com

mgyoe.com

သည်။ နာကျင်လာလေ၊ ဆင်သည် ရုန်းကန်လေပင်ဖြစ်သည်။ တော ဆင်ရိုင်းတစ်ကောင်၏ ဒေါသစိတ်သည် ခက်ထန်ကြမ်းကြုတ်လွန်း သည်။ မာန်ဝင်လာလျှင် မိမိသေရမည့်ဘေးအန္တရာယ်ကိုပင် လုံးဝ သတိမရတော့ပေ။ ထို့ကြောင့် ဆင်ဖမ်းသမားများသည် ဆင်ရိုင်းများ မယဉ်ပါးမီကာလအတွင်း သံကြိုးကို များစွာအသုံးမပြုကြပေ။

ဖမ်းမိထားသော တောဆင်ရိုင်းများကို ကျုံးမှထုတ်၍ ညှပ်သွင်း ပြီးကြသောအခါ လူတွေမှာ ခြေကုန်လက်ပန်းကျသွားကြ၏။ အချိန်မှာ လည်း မွန်းလွဲသုံးနာရီလောက်ပင် ရှိသွားလေပြီ။ ရိုးမထဲ၌နေလုံးသည် အနည်းငယ်စောင်းသွားသည်နှင့် တစ်ပြိုင်နက် အနောက်ဘက်ရှိ တောင်တန်းမြင့်ကြီးများ၏ထိပ်ဖျားတွင် မေးတင်စပြုတော့သည်။ ကျွန်တော်တို့မှာ မနက်စာထမင်းကိုပင် ဘယ်ဆီနေမှန်း မသိကြသေး။ တစ်နေ့ မနက်ပင် ကောက်ညှင်းထမင်းထုပ်စား၍ တောင် သုံးလေးလုံး ကို ကျော်ဖြတ်ကာ ဆင်နောက်ကို အတင်းလိုက်လာကြသော ကျွန်တော် တို့မှာ တစ်နေ့လုံး၊ တစ်ညလုံးပင်ပန်း၍ ယနေ့ညနေမွန်းလွဲ သုံးနာရီ ကျော် အချိန်ကျမှ ထမင်းကို သတိရနိုင်ကြတော့သည်။ ကျွန်တော်တို့ သည် အခက်အခဲပေါင်းများစွာ၊ အန္တရာယ်ပေါင်းများစွာကို ကျော်လွှန် လာကြ၍ အောင်ပွဲသို့ချီနေကြသူများ မဟုတ်ပါလား။

ဖမ်းမိထားသော ဆင်များကို ညှပ်သွင်းထားနိုင်ကြပြီးဖြစ်သဖြင့် ကျွန်တော်တို့မှာ ယခုမှ စိတ်အေးသွားကြသည်။ ထို့ကြောင့် ထမင်း ချက်ရန် ပြင်သူကပြင်၊ မိုးနှောင်းကာလကပင် တဲဆောက်၍နေခဲ့ကြ သော စခန်းမှ အိုးခွက်ပန်းကန်နှင့် ဝန်စည်စလယ်များကို ဆင်များ ညှပ်သွင်းထားသောကျုံးနားသို့ ရွှေ့ပြောင်းသူက ရွှေ့ပြောင်းနှင့် အလုပ်ရှုပ်နေကြပြန်သည်။ စိတ်ကသာအေးသွားကြပြီ ဖြစ်သော်လည်း လူတွေမှာ နားချိန်မရကြသေး။ တစ်ညနှင့်နှစ်ရက် မနားမနေ လုပ်ကိုင်

mgyoe.com

mgyoe.com


လာကြရသဖြင့် လူတွေမှာ ပင်ပန်းနွမ်းနယ်နေကြသည်။ သို့သော် တောဆင်ရိုင်းများကို ဖမ်းမိထားကြပြီဖြစ်သဖြင့် အားလုံးလိုလိုပင် ပျော်မြူးနေကြသည်။

မနက်စာထမင်းနှင့် ညနေစာထမင်းကို ယနေ့ညနေလေးနာရီ ကျော်တွင် တစ်ခါတည်းစားလိုက်ကြသည်။ ညနေလေးနာရီကျော်အချိန် သည် ရိုးမထဲ၌ မှောင်စပျိုးပြီဖြစ်သည်။ ထို့ကြောင့် ကျုံးဘေးနားတွင် ညှပ်သွင်းထားသောဆင်များကို ပတ်ချာလည်ဝိုင်း၍ ကြိုးတန်းတွေ သွယ်တန်းကြရသည်။ ထိုကြိုးတန်းပေါ်တွင် ဆီမီးခွက်တွေကို တစ်လုံး ပြီးတစ်လုံးစီတန်း၍ ထွန်းညှိထားရ၏။ ခပ်ဝေးဝေးက အမှတ်တမဲ့လှမ်း ကြည့်လျှင် 'ဘယ့်နှယ် တောထဲတောင်ထဲ ပြာသိုလမှာ တန်ဆောင်တိုင် ပွဲတော်ကြီး ကျင်းပနေကြပါလိမ့်' ဟုပင် ထင်စရာဖြစ်နေသည်။

ဆင်ကျုံးကိုဝိုင်းရံ၍ ရေနံဆီမီးခွက်တွေ ထွန်းညှိထားရခြင်းမှာ ကျုံးနားပတ်ဝန်းကျင်တွင် လင်းလင်းထင်းထင်းရှိရန်နှင့် ဆင်များအဖို့ သူတို့သည် လူသားတို့၏ထောင်ချောက်ထဲသို့ ကျရောက်နေကြပြီဆို သည်ကို သိနားလည်သွားစေရုံ လူတွေက သူတို့တစ်တွေအား မီးဖြင့် လည်း ဝိုင်းရံထားပြီဆိုသည်ကို သိနားလည်သွားစေရန်ဖြစ်သည်။ တောဆင်ရိုင်းများ စိတ်ဓာတ်ကျသွား၍ လူတွေကိုကြောက်ရွံ့သွားမှ ခိုင်း၍ရအောင် သွန်သင်ရာ၌ ယဉ်ပါးလွယ်မည်မဟုတ်ပါလား။ အရိုင်း ကောင်များသည် မီးကိုလည်း အလွန်ကြောက်တတ်ကြလေသည်။

ဆင်ကျုံးပတ်ဝန်းကျင်ကို ဝိုင်းရံ၍ ရေနံဆီမီးခွက်များ ထွန်းညှိ ထားရသည်မှာ ဆင်ရိုင်းများကို ကျုံး၌ဖမ်းမိထားသောနေ့ကစ၍ ယဉ်ပါး အောင်သွန်သင်ပြီး တောထဲမှရွာသို့ထုတ်ယူမည့် နေ့ရက်အထိဖြစ်သည်။ ထိုသို့ဆင်ကျုံးနားတစ်ဝိုက်ကို ဝိုင်းရံ၍ မီးထွန်းမထားလျှင် ကျုံးမှထုတ် ထားသော နို့စို့ရွယ်ဆင်ငယ်ကလေးများကို ရိုးကျားကြီးများက ည

mgyoe.com

mgyoe.com


လူခြေတိတ်၍ လူအိပ်နေချိန်တွင် အလစ်ဝင်ဆွဲမှာကိုလည်း စိုးရိမ်ရသည်။ မီးထွန်းထားလျှင် ထိုနေရာတစ်ဝိုက်ကို ရိုးကျားများ မလာရဲတော့ပေ။

ငင်းပြင် ဤနေရာ၊ ဤဌာနန္ဒ မနုဿလူသားများ ရှိနေကြကြောင်းကိုလည်း လူများကို အန္တရာယ်ပြုတတ်သော တောတိရစ္ဆာန်များ သိသွား၍ ဝေးဝေးကရှောင်ရှားသွားကြအောင်ဖြစ်သည်။ ဆင်ကျုံးကို ပတ်ချာဝိုင်း၍ မီးထွန်းပြီးသောအခါ ညှပ်သွင်းထားသော ဆင်တစ်ကောင်လျှင် လူသုံးလေးယောက်ကျစီခွဲ၍ တာဝန်ယူကွပ်ကဲကြရသည်။ ညအခါတွင် မိမိတာဝန်ကျသော ညှပ်သွင်းထားသည့်ဆင်နားဌ မီးဖိုကြီးတစ်ဖို ဖိုကာ အလှည့်ကျ စောင့်အိပ်ကြရလေသည်။

× × ×

(၄)

'ရွှေဗဟိုရ် စည်သံများကိုလ
မကြားရကြာလေပြီ၊ လေးလရာသီ
တိုင်းရွှေပြည် ဌာနီနဲ့ကွာဝေး၊
ကြက်သံကို နာရီမှတ်ရတယ်
ဟေး . . . ဝေး ဆင်မလေးတို့ရယ် . . ."

"ဟော့ . . . ဟော့၊ စောစောစီးစီး အချိန်မဟုတ်၊ အခါမဟုတ် မျောက်ဖင်နီတွေနဲ့ ရောအူနေပြန်ပြီ"

ချင်းအမျိုးသား ထန်ဇူက သီချင်းဟစ်ဆိုလိုက်သည်ကို ဦးလေးတင်အောင်က လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

"ဟား ဟား . . . ပျော်လို့ပါ ဦးလေးရာ"

"နင်တို့ကသာ ပျော်နေကြ၊ ငါကဖြင့် တစ်ညလုံးမအိပ်ရဘူး။

mgyoe.com

mgyoe.com


ဆိုးလိုက်တဲ့ တိရစ္ဆာန်။ ဒီကောင်က သားထိန်းကွ။ အဲဒါကြောင့် သည်လောက်ဆိုးနေတာ"

ဦးလေးတင်အောင် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ဤဟိုင်းဆင်ပေါက်သည် သားထိန်းဖြစ်၏။ ကျွန်တော်တို့ဖမ်းမိထားသော ဆင်အုပ်ထဲတွင် အကြီးထဲ၌ အထီးဆို၍လည်း ဤဆင်တစ်ကောင်သာပါသည်။ ကျုံးထုတ်ပြီးသော ဆင်အားလုံးကို ထူးခတ်ညှပ်သွင်းထားကြပြီးဖြစ်၏။ ထူးခတ်သည်ဟု ဆိုသော်လည်း ဆင်ယဉ်များကို ထူးခတ်သလိုခြေလက်တို့ကိုပူး၍ သံကြိုးနှင့်ချည်ထားသော ထူးမျိုးတော့မဟုတ်။ ခြေလက်တွေကို ပီလောလျှော်ကြိုးနှင့် မလှုပ်နိုင်၊ မရွေ့နိုင်အောင် တုပ်နှောင်ချည်ထားခြင်းသာ ဖြစ်လေသည်။

ညက ထူးခတ် ညှပ်သွင်းထားသော ကျွန်တော်တို့ ဦးလေးတင်အောင်တို့အုပ်စုထဲက ဟိုင်းဆင်ပေါက်သည် နှာမောင်းနှင့်လှမ်းမိရာ သစ်ပင်၊ သစ်ခက်တွေကို လှမ်းဆွဲချိုးချေ၍ လူတွေကိုပစ်ပေါက်ရန် အမြဲကြံစည်နေတတ်သည်။ ဤသည်ကို တစ်ညလုံးစောင့်ကြည့်၍ ဦးလေးတင်အောင်က လုံနှင့်ထိုး၊ တုတ်နှင့်ရိုက် ဆုံးမရသည်။ အမှတ်တမဲ့နားထောင်နေလျှင် ဆင်နားရွက်ကို ဂျုတ်တုတ်နှင့် တအားရိုက်သံသည် ဝါးထရံကို တုတ်နှင့်ရိုက်သံကဲ့သို့ပင် ကျယ်လောင်လှသည်။ ဆင်ကို တုတ်နှင့်ရိုက်လျှင် နားရွက်ကိုရိုက်ရ၏။ တခြားနေရာတွေကို တုတ်နှင့်ရိုက်လျှင်တော့ နာကျင်သွားရန်ကို မဆိုထားနှင့်၊ အယားပင်ပြေမည်မဟုတ်ချေ။

မနက်စောစော ရိုးမထဲကို နှင်းကန့်လန့်ကာကလည်း အထွေးသားဖြန့်ချထား၏။ ပေအစိတ်လောက် ဝေးသွားလျှင် နှင်းကန့်လန့်ကာက ပိတ်ဆီးနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် လုံးဝမမြင်ရတော့ပေ။ ရိုးမတစ်ခုလုံးသည် မှုန်ဝါးနေ၏။

mgyoe.com

ကျွန်တော်တို့ဆင်ဖမ်းသမားထဲက ညောင်ချောင်းရွာသို့ လူနှစ်ယောက်လွှတ်ရသည်။ ကျန်လူများမှာ ရိုးမထဲ၌ဖမ်းမိထားသော ဆင်များကို ကြည့်ရှုစောင့်ရှောက်နေကြရသည်။

ညောင်ချောင်းရွာသို့သွားရသော လူနှစ်ယောက်၏တာဝန်မှာ ဆင်ရိုင်းကြီးများကို ရိုးမထဲ၌ ဖမ်းမိထားပြီဆိုသည်ကို သတင်းဖြန့်ချိရန်ဖြစ်သည်။ ရိုးမထဲ၌ တောဆင်ရိုင်းများ ဖမ်းမိထားပြီဆိုသောသတင်းကောင်းကို ကြားရသောအခါ ဆင်ဖမ်းသမားများ၏ သားမယား၊ မိဘဆွေမျိုးတွေက စိတ်အေးသွားကြမည်။ ဝမ်းသာအားရ ဖြစ်ကြမည်။ နောက် ရွာနီးချုပ်စပ်ကလူများနှင့် အနယ်နယ်အရပ်ရပ်က ရဟန်းရှင်လူများသည် ရိုးမထဲသို့ဆင်ကြည့်ရန် အုပ်လိုက်ချီလာကြတော့မည်။

ထိုသို့လူများများလာကြည့်ကြမှ ကျွန်တော်တို့ဖမ်းမိထားသော တောဆင်ရိုင်းတွေမှာ မြန်မြန်ယဉ်ပါးလွယ်မည်ဖြစ်သည်။ ရိုးမထဲသို့ ဆင်ကြည့်ရန် အုပ်လိုက်ချီ၍လာကြသော လူများကို ကျွန်တော်တို့က ထမင်းဟင်းချက် ကျွေးမွေးကြရမည်ဖြစ်သဖြင့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက် စသည်တို့ကိုလည်း မဲရွာက ကိုအထော်၏ဆင်မ မိပိုနှင့် သယ်ဆောင်ယူလာရန် မှာလိုက်ကြသည်။ ပြီးတော့ တောဆင်ရိုင်းများ ရှေ့တွင် လိမ္မာယဉ်ပါးနေသောဆင်မကို ခေါက်တုံ့ခေါက်ပြန်စီးပြ၍ အယဉ်သွင်းကြရဦးမည် မဟုတ်ပါလား။

ကျွန်တော်တို့ဖမ်းမိထားသော တောဆင်ရိုင်းတွေမှာ အားလုံး ကိုးကောင်ဖြစ်သည်။ ဆင်မလေးကောင်မှာ နို့စို့အကြီး၊ အငယ် ဆင်ငယ်လေး တစ်ကောင်ကျစီပါလာကြ၏။ ကျန်သောဆင်ပေါက်တစ်ကောင်မှာ ဟိုင်းမျိုးဖြစ်သည်။ ကျွန်တော်တို့၊ ဦးလေးတင်အောင်တို့ ကွပ်ကဲအုပ်ချုပ်ကြရသော အလွန်ဆိုးသွမ်းသည့်ဆင်တည်း။ ထိုဆင်နှင့်တကွ ဆင်မကြီးလေးကောင်ကိုလည်း ညှပ်သွင်း ထူးခတ်ထားရသည်။ သူတို့

mgyoe.com

mgyoe.com

၏သားသမီး ဆင်ငယ်လေးတွေကိုတော့ သူတို့၏မိခင်အနားတွင် ညှပ် မသွင်းဘဲ ခြေကြိုး၊ လက်ကြိုးတုပ်ထားရ၏။ ထူးခတ်ညှပ်သွင်းထား သော ဆင်မကြီးတစ်ကောင်နှင့် ဆင်ငယ်တစ်ကောင်စီကို တွဲပေးထား ရသည်။ ဟိုင်းဆင်ပေါက်တစ်ကောင်ကတော့ အတွဲလွတ်နေ၏။

ထူးခတ်ညှပ်သွင်းထားသော ဆင်များကို ကျွန်တော်တို့က အုပ်စု ခွဲ၍ မိမိအုပ်စုနှင့်မိမိစောင့်ရှောက်ပြုစုကြသည်။ မိမိတာဝန်ကျသော ဆင်ကို တာဝန်ကျသူတွေက အစာရေစာ ရှာဖွေကျွေးမွေးရသည်။ မိမိ တို့ဆင်ကို မိမိတို့က အထူးဂရုစိုက်ကြရ၏။ မိုးလင်းသည်နှင့် တစ်ပြိုင် နက် ဆင်ကျွေးရန် ကျူရွက်ခုတ်သွားသူကသွား၊ ဆင်သောက်ရန် စမ်းချောင်းထဲကရေတွေကို လေးထောင့်ပုံးတွေနှင့် ကဲ့ခပ်သူနှင့် အလုပ် များနေကြသည်။

ဆင်တစ်ကောင်ကို မျှတရုံကျွေးရန် ကျူရွက်ခုတ်ရသည်မှာ မသက်သာလှသလို ရေခပ်ရသည်မှာလည်း မသက်သာလှပေ။ ဆင်ကြီးတစ်ကောင်၏ သောက်ရေမှာ တိုင်ကီတစ်လုံးနီးပါးရှိ၏။ နောက်ပြီး ကျုံး၌မိစဉ်က မာန်ဝင်ပြီး ကျုံးတိုင်တွေကို ဦးကင်းနှင့် တအားဆောင့် အောင်း၊ ကိုယ်လုံးနှင့်တအားပစ်တိုက် လုပ်ထားသဖြင့် ဦးကင်းနှင့် ကိုယ်လုံးတို့မှာ ပွန်းပဲ့နေသောဒဏ်ရာများ၊ အုန်းသီးလုံး နီးပါးရှိ အတွင်းသားတွေကြေ၍ ရောင်ကိုင်းနေသောဒဏ်ရာများ စသည်တို့မှာလည်း တစ်ကိုယ်လုံးတွင် အနှံ့အပြားဖြစ်နေသည်။ ကျုံး ထုတ်၍ တစ်ရက်၊ နှစ်ရက်ကြာသောအခါ ထိုအနာများကို ဓားထက် ထက်နှင့်ခွဲစိတ်၍ အတွင်းက အသားကြေ ပြည်အချွဲအကျိတွေကို ထုတ်ဆေးကာ မဲနယ်ရေနှင့် ဆေးထည့်ပေးရ၏။ အရေထူသောဆင် အနာတွေကို ခွဲစိတ်ကုသရသည်မှာ လွယ်ကူလှသည်တော့မဟုတ်ချေ။ ဆင်ယဉ်ဆိုလျှင် မထောင်းတာလှသော်လည်း ဆင်ရိုင်းများကို ခွဲစိတ်

mgyoe.com

ကုသရသည်မှာ အလွန်အန္တရာယ်များလေသည်။

တစ်ယောက်က ခွဲစိတ်ကုသလုပ်နေလျှင် ကျန်တစ်ယောက်၊ နှစ်ယောက်က တောဆင်ရိုင်း၏နှာမောင်းကို အမြဲဂရုစိုက်ကြည့်နေရသည်။ မျက်စိကိုရှင်ရှင်ထားရသည်။ ဖျတ်လတ်လျင်မြန်မှုလည်း ရှိရသည်။ ခွဲစိတ်ကုသလုပ်နေသူဆီသို့ ဆင်နှာမောင်းယမ်းလာသည်နှင့် တစ်ပြိုင်နက် စောင့်ကြည့်နေသူတွေက ဓားလုံ့တို့နှင့်ဆီးထိုး၍ ဟန့်တားထားရသည်။ ညှပ်တွင်သွင်းထားသဖြင့် ကိုယ်လုံးမှာလှုပ်ပတ်လှုပ်ရှား၍ လူကိုအန္တရာယ်မပြုနိုင်သော်လည်း ဆင်နှာမောင်းသည် တစ်မိနစ်၊ တစ်စက္ကန့်မျှ ငြိမ်သက်စွာနေသည်ဟုမရှိဘဲ အမြဲလှုပ်ယမ်းနေတတ်သည်။ လူတွေကိုအန္တရာယ်ပြုရန် သူ၏ကျဉ်းမြောင်းသေးငယ်သော မျက်လုံးအစုံနှင့် အမြဲချောင်းမြောင်းကြည့်နေတတ်သည်။ ကျုံး၌မိစဉ်က နှာမောင်းသေရန် မီးဖုတ်သံချောင်း၊ သံတောင့်တွေနှင့် ထိုးဟပ်ထားသဖြင့် နှာမောင်းတွင် မီးလောင်ထားသော ဒဏ်ရာတွေကိုလည်း အုန်းဆီနှင့် လိမ်းပေးရလေသည်။

"ဘကြီးခင် . . . ကျွန်တော်တို့အုပ်က ဆင်မကိုလာကြည့်ပါဦး၊ အစာလည်းမစားဘူးဗျ။ မှိုင်မှိုင်နေတယ်"

ဆင်များကို ကျုံးကထုတ် ညှပ်သွင်းထားကြပြီး သုံးလေးရက်အကြာ၌ ကိုရွှေကျော်က ဦးဘခင်ကို လာပြောသည်။ သူတို့အုပ်စုထဲတွင် ကိုရွှေကျော်က လူကြီးဖြစ်၏။ လူတွေမှာ မိမိအုပ်စုနှင့်မိမိ သူ့ဆင်၊ ကိုယ့်ဆင် မြန်မြန်အနာပျောက်ပြီး မြန်မြန်ကြိုးခက်စီးနိုင်အောင် ဂရုစိုက်နေကြရသဖြင့် အုပ်စုတစ်ခုမှဆင်ကို နောက်အုပ်စုတစ်ခုက လူများမှာ သိပ်မရေးမစိုက်နိုင်ကြ။ မိမိဆင် မြန်မြန်အနာပျောက်မှ မြန်မြန် ယဉ်ပါးအောင်သွန်သင်၍ တောထုတ်နိုင်မည် မဟုတ်ပါလား။

"ရေလည်း မသောက်ဘူးလားကွ"

mgyoe.com

"ရေကျတော့လည်း အသောက်သား ဘကြီးခင်ရာ"

"အသားကြေနေတဲ့အရာတွေက ကြီးနေလို့လားကွယ်"

"အနာတွေကိုလည်း နေ့စဉ်ဂရုစိုက်ကုသပေးနေတာပဲ ဘကြီးခင်ရယ်။ ဒီဆင်မကိုကြည့်ရတာ တခြားအုပ်က ဆင်မတွေလို မလန်းဘူးဗျ။ အမြဲညှိုးနေတယ်"

ကိုရွှေကျော်လာခေါ်သဖြင့် ဦးဘခင်သည် ခပ်လှမ်းလှမ်းတွင် ညှပ်သွင်းထားသော ကိုရွှေကျော်တို့အုပ်စုက ဆင်မကိုကြည့်ရန်လိုက်သွားသည်။ ဦးဘခင်နောက်က ကျွန်တော်လည်း လိုက်ပါသွား၏။ ဆင်နှင့်ပတ်သက်လာလျှင် ဦးဘခင်မှာ အတွေ့အကြုံအရင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သူသည် အင်္ဂလိပ်ခေတ်ကစတင်၍ ယခုအထိ ဆင်ဖမ်း၍ ရောင်းစားချမ်းသာနေသူဖြစ်သည်။

ကိုရွှေကျော်တို့အုပ်စုက ကွပ်ကဲစောင့်ရှောက်ထားရသော ဆင်မမှာ ကိုရွှေကျော်ပြောသလို တကယ်ပင် ညှိုးနွမ်းနေသည်။ ဤဆင်မပကတိတည်ငြိမ်နေသည်ကိုကြည့်သောအားဖြင့် တစ်စုံတစ်ခုဖြစ်နေပြီဆိုသည်ကို သိသာနိုင်သည်။ ဆင်များသည် နားရွက်လည်းမခတ်၊ နှာမောင်းလည်း မလှုပ်ယမ်းဘဲ တည်ငြိမ်နေလျှင် စိုးရိမ်ရသည်။ ကျန်းမာသော ဆင်များသည် ဤသို့ငြိမ်သက်၍ ဘယ်တော့မှမနေပေ။ ကိုယ်လုံးကို အမြဲယိမ်းထိုးလှုပ်ရှားနေတတ်သလို နှာမောင်း၊ နားရွက် စသည်များကိုလည်း အမြဲလှုပ်ယမ်းနေတတ်သည်။ ယခု ကိုရွှေကျော်တို့ ဆင်မမှာကား ပကတိတည်ငြိမ်နေ၏။

ဆင်ယဉ်တစ်ကောင်သာ ဤသို့တည်ငြိမ်နေလျှင် မုန်စိတ်မာန်ဝင်နေသည်ဟု ကျိန်းသေယူဆရမည်ဖြစ်သော်လည်း ယခုမုန်စိတ်မာန်ဝင်ရအောင်ကလည်း ညှပ်သွင်းထူးခတ်ထားသော ဆင်မမို့ အတွေးရကျပ်နေသည်။

mgyoe.com

mgyoe.com


ဦးဘခင်သည် ကိုရွှေကျော်တို့ ကွပ်ကဲအုပ်ချုပ်နေသော ဆင်မကို အနာအဆာရှိ မရှိ လှည့်ပတ်အကဲခတ်ကြည့်၏။ ရောင်ကိုင်းနေသော အနာအဆာဆို၍ ဘာတစ်ခုမျှမတွေ့ရသောအခါ အနား၌ပုံချထားသော ကျူရွက်တွေကို ဦးဘခင်က မြှောက်ယမ်းပြသည်။ ဆင်မသည် ဦးဘခင် မြှောက်ယမ်းပြသော ကျူရွက်တွေကို နှာမောင်းနှင့်လှမ်းယမ်းပြီး သူ၏ နှာမောင်းကို ပြန်ရုပ်သွားသည်။ အစာစားခြင်း၊ လှမ်းဆွဲခြင်းကို အလျှင်း မပြု။ ရှေ့သို့ယမ်းလာသော ဆင်မ၏နှာမောင်းကို ဦးဘခင်က သေသေ ချာချာလှည့်ပတ်ကြည့်၏။ ဦးဘခင်မျက်နှာမှာ ရှုတ်ခြည်းညှိုးကျသွား သည်။ ပြီးမှ နှမြောတသစွာနှင့်စုတ်သတ်၍ ကိုရွှေကျော်ကို ပြောသည်။

"ဒီဆင်မ စိုးရိမ်ရတယ်ကွ"

ကိုရွှေကျော်တို့လူစုမှာ မျက်လုံးပြူးသွားကြလေသည်။

"ဒီဆင်မနှာဖျားမှာ အနာရှိနေတယ်။ ဒါကြောင့် အစာမစားတာ"

ဦးဘခင်ကပြောတော့မှ ဆင်မကြီး၏နှာမောင်းဖျားကို ဝိုင်းကြည့် မိကြသည်။ ကျုံး၌မိစဉ်က လူတွေကိုရန်မူရန် နှာမောင်းယမ်းလာသော အခါ လူတွေက နှာမောင်းကို လှံရှည်တွေနှင့် လှမ်းထိုးကြရသည်။ ထိုသို့ လှံနှင့်ထိုးကြစဉ်က အတွေ့အကြုံနည်းပါးသော ကျွန်တော် တို့လူငယ်တွေမှာ ဆင်နှာမောင်း၏အပြင်အရေခွံကို ထိုးရမည့်အစား ကြောက်စိတ်နှင့် မွှန်ထူပြီး မိရာကိုလှမ်းထိုးကြရာ ဆင်မကြီး၏ နှာမောင်းဖျားအတွင်းသားကို ထိုးမိသွားပုံရသည်။ ထို့ကြောင့် ဆင်မ ကြီး၏နှာဖျားတွင် အနာဖြစ်ပြီး အစာမစားနိုင်ဖြစ်နေလေသည်။

ဆင်၏နှာမောင်းဖျားတွင် အသားပိုအခွယ်နှစ်ခု ပါရှိသည်။ အပေါ် တစ်ခု၊ အောက်တစ်ခုပါရှိသော ထိုအခွယ်နှစ်ခုသည် လူတွေ၏ လက်ကဲ့သို့ပင် စားသောက်ရာ၌လည်းကောင်း၊ ရန်မူရာ၌လည်းကောင်း သဘာဝအလျောက် အသုံးချတတ်သည်။ အစာစားသောက်သောအခါ
mgyoe.com

mgyoe.com


ထိုအခွင်ယ်နှစ်ခုနှင့် ညှပ်ကောက်ပြီးမှ အစာကို ပါးစပ်ထဲသို့သွင်းရသည်။ ထိုအခွင်ယ်နှစ်ခုတွင် တစ်ခုခုပြတ်နေလျှင်လည်းကောင်း၊ အနာတရဖြစ်နေလျှင်လည်းကောင်း ထိုဆင်သည် အစာကိုကောက်ညှပ်၍ မရတော့ပေ။ အကယ်၍ ထိုအခွင်ယ်နှစ်ခုသာ ပကတိအကောင်းရှိလျှင် အပ်ချောင်းကဲ့သို့ အလွန်သေးငယ်သော အရာဝတ္ထုများကိုပင် ကောက်ညှပ်ယူနိုင်စွမ်းရှိသည်။ ယခု ကိုရွှေကျော်တို့ဆင်မမှာ အပေါ်ကအခွင်ယ်တွင် ဒဏ်ရာရနေသဖြင့် အစာမစားနိုင်ခြင်းဖြစ်သည်။

နှာဖျားသည် အသားနုလိုဖြစ်နေသဖြင့် နှာကျင်လွန်းကာ လူအကိုင်လည်း လုံးဝမခံပေ။ ဤဆင်မကို ဆေးကုသရန် အလွန်ခက်နေ၏။ သူ၏နှာမောင်းကို လူတွေကိုင်မှာစိုး၍ လူရိပ်လူခြေမြင်လျှင် ဆင်မသည် သူ၏နှာမောင်းဖျားကို ရင်အောက်သို့သွင်း၍ အမြဲဝှက်ထားတတ်သည်။ တစ်ရက်၊ နှစ်ရက်ကြာသောအခါ သူ၏အနား၌ လူတွေရှိနေလျှင် ရေတိုက်ရာ၌ပင် သံစည်ပုံးထဲကရေကို နှာမောင်းနှင့် စုပ်ယူ၍ မသောက်တော့ဘဲ အမြဲမှိုင်တွေနေတတ်သည်။ ကိုယ်နှင့် ခြေလက်တို့တွင် အနာတရဖြစ်ချေက ဆေးကုသရန် လွယ်ကူသော်လည်း နှာမောင်းဖျား၌ဖြစ်နေသောအခါ လူတွေမှာ ကြံရာမရဖြစ်နေကြ သည်။

ဤဆင်မသည် အရိုင်းတစ်ကောင်သာဖြစ်သဖြင့် လူရိပ်လူခြေကိုမြင်လျှင် နှာမောင်းကို အပြင်သို့လုံးဝမထုတ်တော့ဘဲ တစ်ခါတစ်ခါတွင် ပါးစပ်ထဲသို့ပင် ထိုးထည့်ထား၏။ နှာမောင်းဖျားတွင် မီးဟပ်ထားသော ဒဏ်ရာဒဏ်ချက်တွေကလည်း ရှိနေသဖြင့် ပါးစပ်ထဲသို့ထိုးထည့်ထားသောနှာမောင်းမှာ အာငွေ့ရိုက်၍ ပူလာပြန်လျှင် နှာမောင်းဖျားကို ပါးစပ်ထဲက ပြန်၍ဆွဲနုတ်ပြန်၏။ ဝေဒနာကြောင့် ဆောက်တည်ရာမရဖြစ်နေသော ဆင်မကိုကြည့်၍ လူတွေမှာ စိတ်မောနေကြသည်။

ဆင်မကိုဆေးကုသရန် စဉ်းစားမရ၊ ကြံရာမရဖြစ်နေကြသဖြင့်

mgyoe.com

mgyoe.com


ကျွန်တော်တို့မှာ အကြံအိုက်နေကြသည်။ ဤဆင်မကြီးအနားတွင် ခြေကြိုး၊ လက်ကြိုးတုပ်ထားသော ဆင်မငယ်လေးကလည်း နို့စို့ချင်သဖြင့် လူတွေအလစ်ကို အမြဲချောင်းနေသည်။ ဤဆင်မကြီး၏ သမီးဆင်မငယ်လေးမှာ ဤဆင်အုပ်ထဲ၌ အငယ်ဆုံးဖြစ်သဖြင့် ကျွန်တော်တို့က သူ့အမေအနားတွင် ပူးပူးကပ်ကပ်ထားပေးသည်။ အငယ်ဆုံးဖြစ်သဖြင့် ထူးပင်ခတ်မထားဘဲ ခြေကြိုး၊ လက်ကြိုးလောက်သာ တုပ်ထားကြသည်။ အကယ်၍ ခြေကြိုး၊ လက်ကြိုး တုပ်မထားလျှင်လည်း ဤဆင်မလေးကား ထွက်ပြေးသွားမည်မဟုတ်ချေ။ သူ၏မိခင်ရှိသမျှ မိခင်အနားတွင်သာ နေမည်ဖြစ်သည်။ မည်မျှကြောက်ရွံ့ထိတ်လန့်ဖွယ်ရာကောင်းသော အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဖြစ်စေ မိခင်ကိုလည်းကောင်း၊ သားထိန်းဆင်ကိုလည်းကောင်း ခွဲ၍ အုပ်ထဲက ဘယ်တော့မှ ထွက်မပြေးပေ။ မိခင်နှင့်လည်းကောင်း၊ သားထိန်းဆင်နှင့်လည်းကောင်း သေအတူ ရှင်အတူသာ ဖြစ်၏။

ဆင်မလေးသည် နို့စို့ချင်သဖြင့် သူ့အမေဆီသို့ နှာမောင်းနှင့် အမြဲလှုပ်ယမ်း၍ နို့တောင်းနေတတ်သည်။ တစ်ခါ တစ်ခါ သစ်လုံး၊ သစ်ချောင်းတွေနှင့် ညှပ်သွင်းထားသော သူ့အမေရှိရာသို့ သစ်တုံးကြားထဲမှနေ၍ သူ၏ သေးသွယ်ညွတ်ပြောင်သော နှာမောင်းလေးကို သွင်းကာ ရှုံးရှုံးရှဲရှဲ လေမှုတ်နေတတ်သည်။

သို့သော် သူ့အမေမှာ လူတွေက ဒဏ်ခတ်ထားသဖြင့် သူ့သမီးငယ်အား နို့ချိုတိုက်ကျွေးနိုင်ရန် အခွင့်အရေးမရရှာပေ။ အကယ်၍ သူ့သမီးအား နို့ချိုတိုက်ချင်သော်လည်း ယခုလို အစာရေစာမစားရ၊ မသောက်ရဖြစ်နေချိန်တွင် နို့ရည်တွေကလည်း ခန်းခြောက်နေပေလိမ့်မည်။ ဤသည်တို့ကိုမသိသော ဆင်မငယ်မှာ သူ့အမေ၏ နို့ရည်ကိုသာ အမြဲတောင်းနေတတ်သည်။ ရေတိုက်လျှင် ရေကိုနှာမောင်းနှင့်

mgyoe.com

mgyoe.com


စုပ်ယူ၍ သူ့အမေကို လှမ်းပက်ကျီစယ်နေသည်လည်း ရှိ၏။ သို့သော် သူ့အမေကတော့ ဝေဒနာကြောင့် အမြဲတစေ မှိုင်နေလေသည်။

ဆင်ဖမ်းသမားများ၏ သားမယားများနှင့် ဆင်ကျုံးနှင့် နီးသော ရွာနီးချုပ်စပ်လူများသည် ရိုးမထဲသို့ ဆင်ကြည့်ရန် အလျှိုလျှို ရောက် လာကြသည်။ ထိုသူများကို ကျွန်တော်တို့က ည၊ မနက်စာ ထမင်း ချက်ပြုတ် ကျွေးမွေးရသည်။ ထိုသူများကို ထမင်းဟင်းချက်ပြုတ် ကျွေး မွေးရသော်လည်း ကျွန်တော်တို့က မငြိုငြင်ကြပေ။ အဘယ်ကြောင့်ဆို သော် လူများများလာကြည့်ကြမှ ဆင်ရိုင်းများသည် လူအုပ်များများကို မြင်ရ၍ မြန်မြန်ယဉ်ပါးလွယ်မည် မဟုတ်ပါလား။

မဲရွာက ဆင်မ မိပိုနှင့် သူ၏ဦးစီး ကိုအထော်တို့သည်လည်း ကျွန်တော်တို့ စခန်းသို့ရောက်လာကြသည်။ မိပို၏ပုခက်စင်တွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည်တို့ ပါလာသည်။ ကျွန်တော်တို့ ဆင်ဖမ်းသမားလူအုပ်တွေနှင့် ဆင်ကြည့်လာသူတွေ ပေါင်းလိုက်သောအခါ ရိုးမထဲမှာ ရွာလေးတစ်ရွာလို ဖြစ်နေသည်။ ထိုအထဲတွင် ကျွန်တော်တို့ဖမ်းမိထားသော ဆင်များကို တစ်ဆင့်ဝယ် ၍ ရောင်းစားလိုကြသော ဆင်ပွဲစားများလည်း ပါသည်။

တောအထပ်ထပ် တောင်အသွယ်သွယ် ချောင်းငယ် စိမ့်စမ်းများ ကိုကျော်ဖြတ်၍ အရိုးကွဲမတတ် ချမ်းအေးသော ပြာသိုလတွင် ရိုးမထဲ သို့ ငှက်ဖျား၊ ကျား၊ ဆင်တို့၏အန္တရာယ်တို့ကိုပင် ဂရုမထားဘဲ ဤကဲ့သို့ အစုလိုက်၊ အပြုံလိုက် ကလေး၊ လူကြီးတွေပါမကျန် တပျော်တပါး လာကြည့်သည်မှာ ကျေးဇူးတင်စရာပင် ကောင်းသေး၏။ ကျွန်တော် တို့အဖို့မူ လူများများလာကြည့်လေ ကြိုက်လေပင်။ ဖမ်းမိထားသော ဤဆင်များ ယဉ်ပါးလာ၍ ရောင်းချရသောအခါ ငွေဆိုသည်မှာ ထောင် လိုက် သောင်းလိုက်ရကြတော့မည် မဟုတ်ပါလား။ ထို့ကြောင့်လည်း

mgyoe.com

mgyoe.com


ကျွန်တော်တို့မှာ ရိုးမထဲသို့ ဆင်ကြည့်လာသူများအား ချက်ပြုတ် ကျွေးမွေးရ၍ ကုန်ကျသော ဆန်ဖိုး၊ ဆီဖိုး၊ ငရုတ်၊ ကြက်သွန်ဖိုးတွေကို အရေးမထားနိုင်ကြဘဲ အားလုံးလိုလို ပျော်ရွှင်မြူးကြွနေကြလေသည်။

ဆောင်းညဖြစ်သဖြင့် လရောင်မှာ ရွှန်းရွှန်းမြမြ မသာလှ။ နှင်း ပုလဲတွေကလည်း ရိုးမထဲတွင် သိပ်သိပ်သည်းသည်း မင်းမူနေကြ၏။ ရိုးမသည် မပီသသော ဆီဆေးပန်းချီကားတစ်ချပ်လို မှုန်ဝါးနေသည်။ အရိုးကွဲမတတ် ချမ်းအေးလှသောရိုးမထဲသို့ ဆင်ကြည့်ရန်လာကြသူ များမှာ မီးဖိုဘေးနားတွင် အိပ်မောကျနေကြသည်။ ကျွန်တော်တို့ ဆင်ဖမ်း သမားများမှာမူ ညအခါ၌လည်း ထူးခတ် ညှပ်သွင်းထားသော ဆင်များ ၏အရိပ်အခြည်ကို မကြာခဏ ထကြည့်ရသဖြင့် စိတ်ချလက်ချ အိပ်စက် ခြင်း မပြုရချေ။

'ဝုန်း'

'ကျလီ'

ကြီးမားသော အရာဝတ္ထုတစ်ခု၏ လဲပြိုကျသံကြောင့် မြေပြင်သည် သိမ့်သိမ့်ခါတုန်လှုပ်သွား၏။ ဆင်ငယ်တစ်ကောင်၏ အော်လိုက်သံက လည်း အအေးမိ၍ အိပ်မောကျနေသောညကို လှန့်နှိုးလိုက်သလား ထင်ရသည်။ မီးဖိုဘေးနားတွင် ဝိုင်း၍အိပ်ပျော်နေကြသော ဆင်ကြည့် လာသူများမှာ အထိတ်တလန့်ဖြစ်၍ နိုးလာကြသည်။

"ဟော့ . . . မောင်ရွှေကျော် ဘာလဲကွ"

အသံကြားရာဘက်သို့ ဦးဘခင်က လှမ်းမေးလိုက်၏။

"ဆင်မကြီး လဲကျသွားလို့ ဘကြီးခင်"

"ဟယ်"

ဦးဘခင်နှင့်တကွသော ကျွန်တော်တို့ ဆင်ဖမ်းသမားတွေမှာ ဆင်မကြီးပစ်လဲကျသံ ကြားရာသို့ ပြေးလိုက်သွားကြသည်။ နွာမောင်း

mgyoe.com

mgyoe.com


၌ ဒဏ်ရာရနေသော ဆင်မကြီးသည် မြေပြင်တွင် တစောင်းလဲနေ၏။ ခြေ၊ လက်တို့ကို ယက်ကန်ယက်ကန်လုပ်၍ ပြန်ထနိုင်ရန် ကြိုးစားနေသည်။ သို့သော် အားအင်ချည့်နဲ့နေသော ဆင်မကြီးမှာ ပြန်၍ မထနိုင်တော့ပေ။

ဤဆင်မကြီး နှာမောင်း၌ ဒဏ်ရာရနေသဖြင့် ညှပ်မှ ထုတ်ထားကြသည်မှာ သုံးလေးရက်ပင် ရှိသွားလေပြီ။ ကျုံးထုတ်ပြီးစ တစ်ရက်၊ နှစ်ရက်တုန်းက ရေကိုကောင်းစွာ သောက်နိုင်သေးသော်လည်း တစ်ပတ်လောက်ကြာသောအခါတွင် နှာမောင်းဖျားက ဒဏ်ရာမှာ အတွင်းသားတွေ ပုပ်ပွရောင်ကိုင်းလာသဖြင့် ရေကိုပင် ကောင်းစွာမသောက်နိုင်ဖြစ်နေခဲ့သည်။ ဤဆင်မ ရေမသောက်ဘဲ ညှိုးနွမ်းနေသည်မှာ လေးငါးရက်ပင် ရှိသွားပြီဖြစ်သဖြင့် ထူးကြိုးတွေကိုပင် ဖြုတ်ထားရ၏။ တစ်နေ့တွင် ဤဆင်မ သေမည်ကို ကျွန်တော်တို့အတတ်သိနေကြ၏။ ထို့ကြောင့်လည်း ညှပ်မှထုတ်၍ ထူးဖြုတ်ကာ ခြေကြိုး၊ လက်ကြိုးနှစ်ပင်သာ တုပ်ထားသည်။ ဤဆင်မ၏ အတွင်းသားနှာဖျားထဲက ဒဏ်ရာကို ဆေးကုသရန် ကျွန်တော်တို့တစ်တွေ ဝိုင်းဝန်းကြိုးစားကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရသည်။

ယခု ထိုဆင်မကြီး၏ပစ်လဲကျသံသည် တောအလုံးကို သိမ့်သိမ့်ခါတုန်လှုပ်သွားစေ၏။ ဆင်မကြီး၏အနားတွင် ချည်ထားသော ဆင်မငယ်လေးမှာ သူ့အမေ၏ကိုယ်လုံးကြီးနှင့် ထိခိုက်မိသဖြင့် လဲ၍ပင် ကျသွားသည်။ သို့သော် ဆင်မငယ်လေးအတွက် ကံကောင်းသွား၏။ ဆင်မကြီး၏ကိုယ်လုံးနှင့် မဖိမိဘဲ အနည်းငယ်သာ ပွတ်သွားမိသဖြင့် အသက်ချမ်းသာရာ ရသွားလေသည်။ အကယ်၍သာ သူ့မိခင်၏ ကိုယ်လုံးကြီးနှင့် ဖိမိလျှင်တော့ သူ့အမေ၏ ကိုယ်လုံးကြီးအောက်တွင် ပြားပြားချပ်ပိ၍ သေသွားမည်မှာ မုချပင်။

mgyoe.com

mgyoe.com


ရှက်အုပ်မိုး သစ်ပင်ထိပ်ဖျားမှ ကွက်တိကွက်ကျား ထိုးကျဖြာဆင်းနေသော လရောင်ပိုးတဝါးအောက်တွင် ဆန့်ငင်ဆန့်ငင်နှင့် အသက်ငင်နေသောဆင်မကြီးကို ဘယ်လိုမှမတတ်သာသဖြင့် ဆင်မကြီး အသက်ထွက်မည့်အချိန်ကိုသာ စိတ်မချမ်းမသာနှင့် စောင့်ငေးကြည့်နေကြလေသည်။ ဆင်မကြီးသည် အရုဏ်မတက်မီကပင် အသက်ထွက်သွား၏။ ဤဆင်မကြီးမှာ ငါးပေကျော်၊ ခြောက်ပေနီးပါးရှိသော ဆင်မမို့ ကာလတန်ဖိုးနှင့်ဆိုလျှင် သုံးလေးထောင်ငွေကို ဈေးမဆိုဘဲ ရနိုင်သည်။ သုံးလေးထောင်တန် ဆင်မကြီးတစ်ကောင် သေသွားရသည့်အတွက် ကျွန်တော်တို့မှာ နှမြောမဆုံး ဖြစ်ကြလေသည်။

မနက်မိုးလင်းသောအခါ သေနေသော ဆင်မကို မြေတွင်းချ၍ မြှုပ်နှံသင်္ဂြိုဟ်ကြရန် စီစဉ်ကြ၏။ ခြောက်ပေနီးပါးရှိသော ဆင်မကြီးတစ်ကောင်ကို မြေမြှုပ်ရန်မှာ လွယ်ကူလှသည်မဟုတ်ပေ။ ကျန်ဆင်မများ၏ ဒဏ်ရာဒဏ်ချက်တွေကို ခဲရာခဲဆစ် ခွဲစိတ်ကုသရ၊ ရေတိုက်ရန် ရေခပ်ရ၊ အစာကျွေးရန် အစာခုတ်သွားရနှင့် လူတွေမှာ မအားလပ်အောင် အလုပ်များနေကြသဖြင့် ဤဆင်မကြီး၏ အလောင်းကောင်ကြီးကို မြေမြှုပ်သင်္ဂြိုဟ်ရန် မြေတွင်းလည်း မတူးအားကြပေ။ ထို့ကြောင့် စမ်းချောင်းဘေးနားက ချောက်ကမ်းပါးကြီးတစ်ခုထဲသို့ ဆွဲချ၍ မြေမြှုပ်ရန် စီစဉ်ကြသည်။

အလောင်းကို ချောက်ထဲသို့ဆွဲချရန်အတွက် မဲရှာက ကိုအထော်၏ ဆင်မ မိပိုကို သွား၍ငှားရသေး၏။ ဆင်သေကို ဆင်နှင့် တိုက်ဆွဲချရန် ဖြစ်သည်။ ကျွန်တော်တို့လူအုပ်နှင့် ဆင်သေကောင်ကြီးကို ကိုက် ၂၀၀ ကျော်ဝေးသောချောက်ထဲသို့ ဘယ်လိုမှ ဆွဲချ၍မရနိုင်ပေ။ ထို့ကြောင့် မဲရှာက ဆင်မကို သွားငှားရခြင်း ဖြစ်သည်။ မဲရှာက ဆင်မယဉ်သာ မိပိုနှင့် ဆင်မကြီးအလောင်းကို ကြိုးတပ်၍ ချောက်ထဲသို့ ဆွဲချသော

mgyoe.com

mgyoe.com

အခါ သမီးဖြစ်သူဆင်မငယ်မှာ တကျိုကျိုအော်၍ ရုန်းကန်နေလေသည်။ ဆင်မငယ်က တကျိုကျိုအော်သောအခါ ညှပ်သွင်း၊ ထုံးခတ်ထားသော ဆင်များမှာ ရုန်းရင်းကြမ်းတမ်းလာကြသည်။ ထိန်းသိမ်းမရအောင် လှုပ်ရှားလာကြသည်။ တကျိုကျိုအော်မြည်၍ တစ်ကောင်နှင့် တစ်ကောင် အသံပေးလာကြသည်။

အဆိုးဆုံးအခြေအနေမှာ ကျွန်တော်တို့အုပ်က ထိန်းကျောင်းထားရသော ဟိုင်းဆင်ပေါက်သည် ဆင်မငယ်အော်သံကို ကြားသောအခါ ဆောက်တည်ရာမရ ဖြစ်လာသည်။ ညှပ်သွင်းထားသည့် ကြားထဲကပင် လူတွေကိုအန္တရာယ်ပြုရန် ရုန်းကန်ကြိုးစားလျက်ရှိသည်။ သူ၏တုတ်ခိုင်သန်မာလှသောနှာမောင်းနှင့် ရရာပစ္စည်းကိုဆွဲ၍ လူတွေကို ပစ်ပေါက်ရန် ကြိုးစားနေသည်။ ညှပ်ထဲသွင်းထားသဖြင့် လှည့်ပတ်ရုန်းကန်၍ တင်းပုတ်၊ ခဲလုံး စသည်တို့ကို ရှာမရသောအခါ ဗိုက်ထဲက ရေပုပ်တွေကို နှာမောင်းနှင့်စုပ်ယူ၍ တွေ့ရာလူကိုမှုတ်ပစ်တော့သည်။ ဟိုင်းဆင်ပေါက် တအားမှုတ်ပစ်လိုက်သော သူ့ဗိုက်ထဲကရေပုပ်တွေမှာ ပြွတ်နှင့် ထိုးပစ်လိုက်သလို အန်ထွက်လာ၏။

အမှတ်တမဲ့ဖြစ်နေသော ဆင်လာကြည့်သူတစ်ယောက်မှာ ဆင်ဗိုက်ထဲကရေပုပ်တွေ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသည်။ ဆင်ဗိုက်ထဲက ရေပုပ်မှာ အနံ့အသက် အလွန်ဆိုးရွားသဖြင့် ရေမှုတ်ခံရသူမှာ တဝေါ့ဝေါ့ ထိုးအန်တော့သည်။ ထိုသူကို ကျွန်တော်တို့ ဆင်ဖမ်းသမားတစ်ယောက် က စမ်းချောင်းထဲသို့ ဆွဲချသွား၏။ ပြာသိုလ အရိုးကွဲမတတ် ချမ်းအေးနေချိန်တွင် မနက်စောစော စမ်းချောင်းထဲသို့ ဆွဲချခံရသော ထိုသူမှာ တစ်ကိုယ်လုံး ဆေးကြောပြီး၍ ပြန်တက်လာသောအခါ တခိုက်ခိုက် တုန်၍ နှုတ်ခမ်းတွေပင် ပြာနေသည်။ ဤသည်ကို ကြည့်၍ ကျွန်တော်တို့မှာ ငိုအားထက် ရယ်အားသန် ဖြစ်ကြရသည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့ အုပ်ထိန်းနေသော ဟိုင်းဆင်ပေါက်မှာ ဤဆင်အုပ်ထဲ၌ သားထိန်းဆင်ဖြစ်သဖြင့် ဆင်ငယ်များ တကျိကျိအော်နေလျှင် ဤသို့ပင် ဆိုးသွမ်းတတ်သည်။ ဤသားထိန်းဆင်က တကျိကျိ အော်ပြန်လျှင် ကျန်ဆင်မကြီးတွေကလည်း ထိန်းကျောင်းမရအောင် ရန့်ရင်းကြမ်းတမ်းလာကြပြန်သည်။ အရိုင်းများ ကြမ်းတမ်းလာလျှင် ကြောက်ရွံ့စိုးရိမ်ရသည်။ အရိုင်းဆိုသည်မှာ မာန်ကြီးလာလျှင် သေမည်ကိုပင်သိသောတိရစ္ဆာန်မဟုတ်။ ထူးခတ် ညှပ်သွင်းထားသော်လည်း အကယ်၍ ညှပ်မခိုင်ဘဲ တစ်ကောင်ကောင် ညှပ်ထဲမှလွတ်ထွက်သွားလျှင် လူတွေကို ရန်မူလာမည်မှာ မုချပင်။

ကျုံး၌ဖမ်းမိစဉ်က ကျုံးတိုင်များကို မာန်ဖီ၍တအားဆောင့်အောင်းထားကြသဖြင့် ဦးကင်းနှင့် ကိုယ်လုံးအနှံ့အပြားမှ ဒဏ်ရာ ဒဏ်ချက်ကြီးတွေကို ခွဲစိတ်ကုသပြီး မဲနယ်ရေနှင့် ဆေးထည့်ပေးထားသည် ဆိုသော်လည်း အနာကောင်းစွာမကျက်ခင် နောက်တစ်ခါ ညှပ်ဘေးက သစ်တုံး၊ သစ်လုံးများကို မာန်ဝင်၍ ကိုယ်လုံးကြီးနှင့် ပစ်တိုက်သဖြင့် ထပ်၍ဒဏ်ရာဒဏ်ချက်တွေ ဖြစ်ပေါ်လာပါက ဆေးကုသရန် အလွန်ခက်ပေမည်။ မာန်ကြီးလာ၍ ညှပ်ထဲ၌ပင် ပစ်လဲသွားချေက ပို၍ခက်ပေဦးမည်။ အတွင်းသားတွေ ကြေမွသွား၍ ပြည်ထပ်တည်ကာ အတွင်းနာဖြစ်သွားလျှင်တော့ ဆိုဖွယ်ရာမရှိတော့။ ယခု သေဆုံးနေသော ဆင်မကဲ့သို့ပင်သေသွားနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် ဆင်မကြီး၏အလောင်းကို ချောက်ထဲသို့ ဆွဲမချရဲကြတော့ဘဲ ချက်ချင်း ရပ်ထားလိုက်ရသည်။ မိခင်ကိုမြင်နေရသော ဆင်မငယ်၏ အော်ဟစ်နေသံ ရပ်သွားမှ ကျန်ဆင်များသည်လည်း တည်ငြိမ်သွားကြသည်။

မှုန်ပျပျသာနေသော လဝန်းသည် အနောက်ဘက်တောင်တန်း

mgyoe.com

mgyoe.com


မြင့်ဆီသို့ ငုပ်လျှိုးသွားသောအခါ တောအလုံးမှာ မှောင်နှင့်မည်းမည်းသာ ကျန်ရစ်သည်။ မိုးလင်းယံတွင် မြောက်ပြန်လေနှင့်ရောသော နှင်းပုလဲတွေကလည်း သိပ်သည်းလာကြသဖြင့် တောအလုံးမှာ ပို၍ မှောင်မည်းလာ၏။ ကျွန်တော်တို့သည် ဤမှောင်မိုက်သော အခွင့်အရေးကိုယူ၍ သေနေသော ဆင်မကြီး၏အလောင်းကို ကိုအထော်၏ ဆင်မယဉ်သာမိပိုနှင့် ဆင်မငယ်မမြင်အောင် ချောက်ထဲသို့ဆွဲချပြီး ညတွင်းချင်း မြေမြှုပ်လိုက်ကြသည်။

မနက်မိုးလင်း၍ မိခင်ကို မတွေ့ရသော ဆင်မငယ်မှာ တကျီကျီအော်လာပြန်သည်။ ဤဆင်မငယ်အော်လျှင် သားထိန်းဆင်နှင့် တခြားဆင်မကြီးများကလည်း မနက်ကလို ရုန်းရင်းကြမ်းတမ်းလာကြပြန်သည်။ နောက်တော့ မတတ်သာသည့်အဆုံး ကိုအထော်၏ဆင်မ မိပိုနှင့် တကျီကျီအော်နေသော ဆင်မငယ်ကို ကြိုးတုပ်၍ အတွင်းဆွဲကာ သားထိန်းဆင်နားတွင် သွားထားပေးရသည်။ ဤတွင်မှ ဆင်မငယ်၏ အော်သံရပ်၍ ကျန်ဆင်များလည်း ငြိမ်သွားကြလေသည်။

× × ×

(၅)

"ဒီဆင်မကြီးက တပည့်တော်တို့ဆင်အုပ်မှာ ဦးစီးဆင်မပါ ဘုရား၊ သူ့နာမည်က 'မဦး'၊ ဟိုဘက်ဆင်ပေါက်ကို 'ကျော်ဟိုး' လို့ နာမည်ပေးထားပါတယ်။ ဒီကောင်မလေးက 'မိဆိုးပုံ'၊ သူ့အမေက တပည့်တော်တို့ လက်ထဲမှာ နာမောင်းဒဏ်ရာရပြီး သေသွားပါတယ်။ ဟိုဘက်က နာမောင်းတယမ်းယမ်းလုပ်နေတဲ့ စွယ်စုံလေးကတော့ 'တောကျော်'၊ ဟို . . . ဟိုင်းဆင်လေး နို့စို့က 'အေတီ'၊ ဒီကောင်မကြီးက 'မြီးတို"

ဦးဘခင်သည် ဆင်များ၏နာမည်ကိုပြောပြ၍ ဘုန်းတော်ကြီးအား

mgyoe.com

mgyoe.com


တစ်ကောင်ချင်း လိုက်ပြနေသည်။

ကံကျွမ်းကျေးရွာက ဆင်ကြည့်ရန် ရိုးမထဲသို့ကြွလာသော ဘုန်းတော်ကြီးအား မနက်အရုဏ်ဆွမ်းကပ်၍ ဆင်များကို ရိုးမထဲ၌ ကင်ပွန်းတပ်မင်္ဂလာပွဲ ကျင်းပကြသည်။ အန္တရာယ်ကင်း ပရိတ်လည်း နာကြ၏။

ဆင်များကို နာမည်ပေးရာတွင် ယခင်က ဆင်ဦးစီးလုပ်မည့်သူ နှင့် နေ့သင့်နံသင့်ရွေး၍ နာမည်ပေးတတ်ကြသည်ဟု ဆိုသည်။ ဆင်ဦးစီး လုပ်သူနှင့် ဆင်၏နာမည်မှာ နေ့သင့်နံသင့်မကျဘဲ ဆင်နာမည်က လူကို စီးနေလျှင် ခိုက်တတ်သည်။ ထိုဆင်ဦးစီးသည် ထိုဆင် နင်းသတ်၍ပင် သေရသည်ဟု ရှေးဆင်သမားများက အယူရှိကြသည်။ ဆင်ကို နာမည် ပေးရာတွင် ဆင်ဦးစီးလုပ်မည့်သူ၏နံနှင့် 'ဦးညိုခေမာ' တို့ 'မမှာသောက' တို့ကိုရှောင်ကြဉ်၍ 'အောင်ပကုလား၊ ဆွေသားတော်ရင်း မိတ်ဖက်ခြင်း' စသည့် မိတ်နံကိုသာရွေး၍ အမည်ပေးရသည်ဟု ဆိုသည်။

ယခု ကျွန်တော်တို့မှာတော့ နေ့သင့်နံသင့်ကို ရွေးမနေကြတော့ဘဲ သားထိန်း ဟိုင်းဆင်ပေါက်ကို 'ကျော်ဟိုး'၊ ဦးစီးဆင်မကို 'မဦး'၊ အမေ မရှိသော ဆင်မလေးကို 'မိဆိုးပုံ'၊ ကြမ်းတမ်းခက်ထန်သော ဆင်မကို 'ဂျမ်းပုံ'ဟု အမည်ပေးခြင်းမှာ မိမိတို့က ဦးစီးမလုပ်ဘဲ အကုန်လုံး ရောင်း ချမည့် ဆင်များချည်းသာ ဖြစ်သဖြင့် သူတို့၏ စရိုက်သဘာဝနှင့် ကိုက် ညီအောင် နာမည်ပေးထားကြခြင်းဖြစ်သည်။ နေ့သင့်နံသင့် ဆိုသည်ကို လည်း ကျွန်တော်တို့ခေတ်လူငယ်တွေက သိပ်ပြီးအယုံအကြည်မထား ကြ။ ဆင်ဖမ်းသမားအဖွဲ့တွင် ဦးစီးခေါင်းဆောင်လုပ်သူ ဦးဘခင်က လည်း "တစ်ကောင်ချင်းလိုက်ပြီး မိတ်ဖက်နေစရာ မလိုပါဘူးကွ။ ငါ့နာမည်နဲ့ ဒီဆင်အုပ်မှာ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ဆင်နဲ့ မိတ်ဖက်ရင် ပြီးတာပါပဲ။ သူလည်း ဦးစီးခေါင်းဆောင်၊ ငါလည်း ဦးစီးခေါင်းဆောင်ပဲ"

mgyoe.com